**KEY STATEMENTS FOR THE 2026 INTERNATIONAL MEMORIAL DAY BLENDING CONFERENCE**

**ကျွန်ုပ်တို့သည် ဤခေတ်ကိုအဆုံးသတ်မည့် အသစ်သောနိုးကြားခြင်းအထဲသို့**
**ဘုရားဆိုင်ရာဖွင့်ပြခြင်း၏ အမြင့်ဆုံးအထွတ်အထိပ်သို့ ရောက်ရှိခြင်းအားဖြင့်လည်းကောင်း၊**
**ဘုရား-လူအသက်တာကို အသက်ရှင်ခြင်းအားဖြင့်လည်းကောင်း၊**
**ဘုရားသခင်အတိုင်း ဘုရားသခင်၏ သိုးတော်စုကို ထိန်းကျောင်းခြင်းဖြစ်သည့်**
**ခရစ်တော်၏ ကောင်းကင်ဆိုင်ရာအမှုတော်၌ ပါဝင်ဆက်ဆံခြင်းအားဖြင့်လည်းကောင်း ဝင်ရောက်နိုင်ကြသည်။**

**ဘုရားသခင်က ကျွန်ုပ်တို့ကို ပေးထားသည့် ဘုရားဆိုင်ရာဖွင့်ပြခြင်း**
**အမြင့်ဆုံးအထွတ်အထိပ်မှာ ဘုရားသခင်၏ ထာဝရစီမံကိန်း ဖွင့်ပြခြင်း -**
**ဘုရားသခင်သည် လူဖြစ်လာ၍ လူသည် ဘုရားဖြစ်လာခြင်း - ဖြစ်သည်။**

**ကျွန်ုပ်တို့သည် ခရစ်တော်၏ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းနှင့် အသစ်သောနိုးကြားမှုအတွက်**
**ဘုရားသခင်၏သိုးတော်စုဖြစ်သော ကိုယ်တော်၏အသင်းတော်ကို ထိန်းကျောင်းရန်**
**ခရစ်တော်၏ကောင်းကင်ဆိုင်ရာအမှုတော်နှင့် ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်သည်။**

**ဘုရားသခင်အတိုင်း ထိန်းကျောင်းရန်အလို့ငှာ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် တစ်လုံးတစ်ဝဖြစ်ရန်၊**
**ဘုရားသခင်နှင့် စေ့စပ်ထုံးဖွဲ့ရန်၊ ဘုရားသခင်ကို အသက်ရှင်ခြင်း၊**
**ဘုရားသခင်ကို ထင်ရှားခြင်း၊ ဘုရားသခင်ကို ကိုယ်စားပြုခြင်းနှင့်**
**ဘုရားသခင်ကို အမှုဆောင်ခြင်း ရှိရန် လိုအပ်သည်။**

*© 2026 Living Stream Ministry*

**Outline of the Messages**
**for the International Memorial Day Blending Conference**
**May 22-25, 2026**

**GENERAL SUBJECT:**
**အသစ်သောနိုးကြားခြင်းအတွက် ကြီးစွာသောလိုအပ်ချက်**

Message One

## ဤခေတ်ကိုအဆုံးသတ်မည့် အသစ်သောနိုးကြားခြင်းကို ယူဆောင်လာရန် သခင်ဘုရားနှင့်အတူ ပူးပေါင်းလုပ်ဆောင်ခြင်း

ဖတ်ရန်ကျမ်း။ ။ ဟဗ၊၃း၂။ တ၊၂၆း၁၉၊ ၂၂။ မ၊၁၄း၁၉၊ ၂၂-၂၃။ ဖိ၊၁း၁၉-၂၂၊ ၂၅။ ယော၊၂၁း၁၅-၁၇

**I. ဘုရားသခင်၏ရွေးချယ်ခံများအကြားတွင် နိုးကြားခြင်းရှိရန်အတွက် တောင့်တမှုဆန္ဒ အမြဲရှိခဲ့ဖူးလေသည် - ဟဗ၊၃း၂။ ဟောရှေ၊ ၆း၂။ ရော၊၈း၂၀-၂၂။ ဆာ၊၁၁၉း၂၅၊ ၅၀၊ ၁၀၇၊ ၁၅၄။ ယော၊၆း၅၇၊ ၆၃။ ၂ကော၊၃း၃၊ ၆။**

**II. ကျွန်ုပ်တို့သည် ဘုရားသခင်က ကျွန်ုပ်တို့ထံ ပေးထားသည့် ဘုရားဆိုင်ရာဖွင့်ပြခြင်း - ဘုရားသခင့် ထာဝရစီမံကိန်းဖွင့်ပြခြင်း၏ အမြင့်ဆုံးအထွတ်အထိပ်သို့ ရောက်ရှိခြင်းအားဖြင့် အသစ်သောနိုးကြားခြင်းအထဲသို့ ဝင်ရောက်နိုင်ကြသည် (၁တိ၊၁း၃-၄။ ၁ကော၊ ၉း၁၇။ တ၊၂၆း၁၉၊ ၂၂)။ ဤသည်မှာ ဘုရားသခင်က လူကို ဖန်ဆင်းခြင်း၌လည်းကောင်း၊ ကိုယ်တော်၏ရွေးချယ်ခံလူများကို ဆက်ဆံဖြေရှင်းတော်မူခြင်း၌လည်းကောင်း ကိုယ်တော်၏အကြံအစည်တော်နှင့်စပ်လျဉ်းသည့် ကြီးစွာသော မေးခွန်းအဖို့ ကြီးစွာသောအဖြေ ဖြစ်သည် (က၊၁း၂၆။ ယောဘ၊၁၀း၁၃။ ညွှန်း၊ ၔ၃း၉)။**

A. ဘုရားသခင်၏စိတ်နှလုံးတော်၌ ဝှက်ထားသော နက်နဲခြင်းမှာ ဘုရားသခင်၏ ထာဝရစီမံကိန်းဖြစ်သည် (၁း၁၀။ ၃း၉။ ၁တိ၊ ၁း၄)၊ ယင်းသည် ကိုယ်တော်၏စိတ်နှလုံးအလိုဆန္ဒနှင့်အတူ ဘုရားသခင်၏ ထာဝရရည်ရွယ်ချက်ဖြစ်ပြီး၊ ယင်းမှာ ခမည်းတော်သည် သားတော်၌ ဝိညာဉ်တော်အားဖြင့် ဘုရားဆိုင်ရာ သုံးပါးတစ်ပါးဖြစ်ခြင်း၌ မိမိကိုယ်တော်တိုင်ကို ကိုယ်တော်၏ ရွေးချယ်ခံ လူများအထဲသို့ သူတို့၏အသက်နှင့် သဘောသဘာဝဖြစ်ရန် ဝေငှဖြန့်ဖြူးခြင်းရှိဖို့ ဖြစ်သည်၊ ထိုသို့ဖြင့် သူတို့သည် ကိုယ်တော်၏ ပုံတူပွားအဖြစ် ကိုယ်တော်နှင့် တူညီလာနိုင်ကာ (ရော၊၈း၂၉။ ၁ယော၊၃း၂)၊ လူသစ်တစ်ဦးအဖြစ် ခရစ်တော်၏ ကိုယ်ခန္ဓာတော် ဖြစ်သည့် ရှင်သန်သောထုံးဖွဲ့မှုဖြစ်လာ၍ (ၔ၂း၁၅-၁၆)၊ ဘုရားသခင်၏ ပြည့်ဝပြည့်စုံခြင်း၊ ဘုရားသခင်၏ထင်ရှားခြင်းအတွက် (၁း၂၂-၂၃။ ၃း၁၉) ဖြစ်ကာ၊ ယင်းသည် ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်သည် (ဗျာ၊၂၁း၂-၂၂း၅)။

B. ဘုရားသခင်သည် လူဖြစ်လာ၍ လူကို ကိုးကွယ်ခံအရာ၌မဟုတ်ဘဲ အသက်၌၊ သဘောသဘာဝ၌ ဘုရားဖြစ်လာစေခြင်းမှာ ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေသော ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို ထုတ်လုပ်ခြင်းနှင့် တည်ဆောက်ခြင်းအတွက်ဖြစ်ခြင်းသည် သမ္မာကျမ်းစာတစ်အုပ်လုံး၏ အနှစ်သာရ၊ သမ္မာကျမ်းစာ၊ ဘုရားသခင့်ထာဝရစီမံကိန်း "သေတ္တာ"ရှိ "စိန်" ဖြစ်သည် - က၊၁း၂၆။ ယော၊၁၂း၂၄။ ရော၊၈း၂၉။

1. ဘုရားသခင်သည် လူ့ဇာတိခံခြင်းမှတစ်ဆင့် လူ၏လူသားဇာတိ၌ ပါဝင်ဆက်ဆံခြင်းအားဖြင့် လူဖြစ်လာခဲ့သည်။ လူသည် ပုံသဏ္ဌာန်ပြောင်းလဲခြင်းမှတစ်ဆင့် ဘုရားသခင်၏ဘုရားဇာတိ၌ ပါဝင်ဆက်ဆံခြင်းအားဖြင့် ကိုးကွယ်ခံအရာ၌မဟုတ်ဘဲ အသက်နှင့် သဘောသဘာဝ၌ ဘုရားဖြစ်လာသည် - ယော၊၁း၁၄။ ၂ကော၊၃း၁၈။ ကော၊၃း၄။ ၂ပေ၊၁း၄။ ဖိ၊၂း၅။ ရော၊ ၈း၂၉။ ဟေဗြဲ၊၂း၁၀။ ၔ၁း၅။ ရော၊၈း၁၉။ ၁ယော၊၃း၂။ ယော၊၁း၁၂-၁၃။

2. ဤဘုရားဆိုင်ရာ-လူသားဆိုင်ရာ ချစ်ဇာတ်လမ်းသည် သမ္မာကျမ်းစာ တစ်အုပ်လုံး၏ အကြောင်းအရာ၊ ဘုရားသခင့်စီမံကိန်း၏ ပါဝင်သောအရာနှင့် စကြဝဠာတစ်ခုလုံး၏ လျှို့ဝှက်ချက် ဖြစ်သည် - သီ၊၁း၁။ ၆း၁၃။ ညွှန်း၊ ဟဗ၊၁း၁။ ၂း၄။ ရော၊၁း၁၇။

   a. ခရစ်တော်သည် ဘုရားဆိုင်ရာနှင့် လူသားဆိုင်ရာဖြစ်ပြီး၊ ကိုယ်တော်၏ ပုံသဏ္ဌာန်ပြောင်းလဲသော ချစ်သူသည် လူသားဆိုင်ရာနှင့် ဘုရားဆိုင်ရာဖြစ်သည်။ သူတို့သည် အသက်နှင့် သဘောသဘာဝ၌ တူညီကြပြီး၊ အချင်းချင်း စုံလင်စွာ လိုက်ဖက်ညီမှုရှိသည်။

b. သုံးပါးတစ်ပါးဘုရားသည် ခင်ပွန်းဖြစ်ရန် ပြီးမြောက်ပြည့်စုံခြင်းနှင့် သုံးပိုင်းရှိသောလူသည် သတို့သမီးဖြစ်ရန် ပုံသဏ္ဌာန် ပြောင်းလဲခြင်းမှာ စုံတွဲတစ်တွဲ၊ စုပေါင်းထားသော၊ ကြီးမားသော ဘုရား-လူဖြစ်ရန် ဖြစ်သည် - ဗျာ၊၂၁း၂၊ ၉။ ၂၂း၁၇က။

C. ဘုရားသခင်၏ ဖွင့်ပြခြင်းနှင့် သခင်ဘုရားပြန်လည်ရယူခြင်း၏ အလယ်ဗဟိုဖွင့်ပြခြင်းမှာ ဘုရားသခင်သည် အသွေးအသားဖြစ်လာ၍ (ယော၊၁း၁၊ ၁၄)၊ အသွေးအသားသည် အသက်ပေးသောဝိညာဉ်တော်ဖြစ်လာကာ (၁ကော၊၁၅း၄၅ခ)၊ အသက်ပေးသော ဝိညာဉ်တော်သည် အရှိန်အဟုန်ခုနစ်ဆ မြှင့်တင်ထားသော ဝိညာဉ်တော်ဖြစ်လာပြီး (ဗျာ၊၁း၄။ ၃း၁။ ၄း၅။ ၅း၆) အသင်းတော်ကို တည်ဆောက်လျက် (မ၊၁၆း၁၈)၊ ယင်းသည် ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်လာ၍ (ဧ၊၄း၁၅-၁၆)၊ ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေခြင်း (ဗျာ၊၂၁း၂၊ ၉။ ၂၂း၁၇က။ ညွှန်း၊ က၊၂း၂၂။ ယော၊၁၉း၂၄) ဖြစ်သည်။

D. ဘုရားသခင်နှင့်လူသည် ထုံးဖွဲ့မှုတစ်ခုဖြစ်လာလိမ့်မည်ဖြစ်ပြီး၊ ထိုထုံးဖွဲ့မှုတစ်ခုသည် ဘုရားဇာတိနှင့် လူသားဇာတိ ရောနှောပေါင်းစည်းခြင်းဖြစ်၍၊ သမ္မာကျမ်းစာ တစ်အုပ်လုံး၏ နိဂုံးချုပ်အဖြစ် ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်သည် - ဗျာ၊ ၂၁း၃၊ ၂၂၊ ၂၊ ၉။ ညွှန်း၊ ဝတ်၊၂း၄-၅။ ဆာ၊၉၂း၁၀။

E. "မြေကြီးတစ်ပြင်လုံးရှိ အသင်းတော်များအားလုံးရှိ သန့်ရှင်းသောသူများအားလုံး၊ အထူးသဖြင့် လုပ်ဖော်ဆောင်ဖက်များနှင့် အသက်ကြီးသူများက ဤဖွင့်ပြခြင်းကို မြင်၍၊ ထို့နောက် နိုးထလာကြကာ၊ ဘုရားသခင်သည် ကျွန်ုပ်တို့အား အသစ်သော နိုးကြား ခြင်း - သမိုင်းကြောင်း၌ တစ်ခါမျှ မှတ်တမ်းမတင်ခဲ့ဖူးသော နိုးကြားခြင်း - ပေးပါမည့်အကြောင်း ဆုတောင်းကြရန် ကျွန်ုပ် မျှော်လင့်ပါသည်။" - *Life-study of 1 and 2 Chronicles,* p. 15.

**III. ကျွန်ုပ်တို့သည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းဖြစ်သော ဘုရား-လူအသက်တာကို အသက်ရှင်ခြင်းအား လက်တွေ့လုပ်ဆောင်မည်ဆိုလျှင် အလိုအလျောက်ပင် စုပေါင်းထားသော စံနမူနာ၊ ဘုရားသခင်၏စီမံကိန်း၌ အသက်ရှင်နေသော စံနမူနာကို တည်ဆောက်လိမ့်မည်ဖြစ်သည်။ ဤစံနမူနာသည် သခင်ဘုရားပြန်ကြွလာခြင်းကို ယူဆောင်လာရန် အသင်းတော်သမိုင်း၌ အကြီးမားဆုံးသော နိုးကြားခြင်း ဖြစ်လိမ့်မည် - ဆာ၊၄၈း၂ နှင့် မှတ်စု ၁။ ဗျာ၊၃း၁၂၊ ၂၁။**

A. ဘုရားသခင်သည် ဘုရားဆိုင်ရာဖွင့်ပြခြင်း အမြင့်ဆုံးအထွတ်အထိပ်မှတစ်ဆင့် ဤဖွင့်ပြခြင်းအတိုင်း အသက်တာကို အသက်ရှင်ရန် ကိုယ်တော်၏ကျေးဇူးတော်အားဖြင့် နိုးထလာမည့် စုပေါင်းထားသောလူများကို လိုအပ်နေသည်။ နိုးကြားခြင်းသည် ကျွန်ုပ်တို့မြင်ရသော ရူပါရုံကို လက်တွေ့လုပ်ဆောင်ခြင်း၊ လက်တွေ့ကျခြင်း ဖြစ်သည်။

B. ခရစ်တော်၏နောက်လိုက်များ (မ၊၅း၁။ ၂၈း၁၉) သည် ဘုရား-လူ၏စံနမူနာအဖြစ် မြေကြီးပေါ် ခရစ်တော်၏ လူသားအသက်ရှင်ခြင်း - လူသားဇာတိ၌ မိမိကိုယ်ကို ငြင်းပယ်ခြင်းအားဖြင့် ဘုရားသခင်ကို အသက်ရှင်ခြင်း (ယော၊၅း၁၉၊ ၃၀) မှတစ်ဆင့် တပည့်ဖြစ်စေခြင်းခံရကြ၍၊ လူနှင့်စပ်လျဉ်းပြီး သူတို့၏ခံယူချက် လုံးလုံးလျားလျား ပြောင်းလဲခြင်း ရှိကြသည် (ဖိ၊၃း၁၀။ ၁း၂၁က)။

C. ကျွန်ုပ်တို့၏အသက်တာသည် ပထမဆုံးသော ဘုရား-လူဖြစ်သည့် ခရစ်တော်၏ အသက်တာ စံနမူနာကို မိတ္တူကူးခြင်း၊ ပုံတူပွားခြင်း ဖြစ်သင့်သည် - ၁ပေ၊၂း၂၁။ မ၊၁၁း၂၉-၂၉။ ဧ၊၄း၂၀-၂၁။ ယော၊၁၇း၄။ ၅း၁၇။ ဖိ၊၁း၁၉-၂၂၊ ၂၅။

D. တပည့်တော်များအထဲသို့ မှုတ်သွင်းခံရသည့် အသက်နှင့် စစ်မှန်ခြင်း၏ ဝိညာဉ်တော်သည် သူတို့အား သခင်ဘုရားနှင့်အတူ သုံးနှစ်ခွဲလုံးလုံး အတူရှိနေခဲ့ကြစဉ်က ကိုယ်တော်ကို စောင့်ကြည့်လေ့လာသိရှိခဲ့သောအရာ၏ စစ်မှန်ခြင်းအလုံးစုံအထဲသို့ လမ်းညွှန်ပေးလိမ့်မည်ဖြစ်သည် - ယော၊၁၆း၁၃။ ၂၀း၂၂။

1. ပထမဆုံးသောဘုရား-လူ၏ အမှုတော် အစပြုသည့်အချိန်တွင် ကိုယ်တော်သည် ဖြောင့်မတ်ခြင်းအလုံးစုံတို့ကို ပြည့်စုံစေရန် ဗတ္တိဇံခံခဲ့ပြီး၊ ကိုယ်တော်၏အသွေးအသား (သူ၏လူသားဇာတိ - ၁း၁၄။ ရော၊၁း၃။ ၈း၃) အရဆိုလျှင် ကိုယ်တော်သည် အသေခံ၍ မြှုပ်နှံခြင်းခံရန်မှလွဲပြီး ဘာအတွက်မျှမကောင်းကြောင်း သိနားလည်ခဲ့သည် (မ၊၃း၁၅-၁၇)။

2. ကိုယ်တော်က မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်ဖြင့် လူပေါင်းငါးထောင်ကို ကျွေးမွေးသည့် အံ့ဖွယ်နိမိတ်လက္ခဏာ၌ တပည့်တော်များအား သူ့ထံမှ သင်ယူဖို့ရန် (၁၁း၂၉) မိန့်မှာခဲ့သည်။ ကိုယ်တော်သည် မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်ကို ကောင်းချီးပေးရန် "ကောင်းကင်သို့ မျှော်ကြည့်ခြင်း" (၁၄း၁၉) မှာ ကိုယ်တော်က ကောင်းချီးမင်္ဂလာ၏အရင်းအမြစ်သည် စေလွှတ်

ခံရသူ မိမိမဟုတ်ကြောင်း၊ စေလွှတ်တော်မူသောသူ ခမည်းတော်သာဖြစ်ကြောင်း သိမှတ်နားလည်ခြင်းအား ညွှန်ပြနေသည် (ယော၊ ၁၀း၃၀။ ၅း၁၉၊ ၃၀။ ၇း၆၊ ၈၊ ၁၈)။

3. သခင်ဘုရားသည် လူအုပ်နှင့်အတူ အံ့ဖွယ်နိမိတ်လက္ခဏာ၏ ရလဒ်၌ ကျန်ရှိမနေဘဲ၊ ဆုတောင်းခြင်း၌ တောင်ပေါ်တွင် ခမည်းတော်နှင့်အတူ တစ်ဦးတည်းနေရန် သူတို့ထံမှ ထွက်သွားခဲ့သည် - မ၊၁၄း၂၂-၂၃။ လု၊၆း၁၂။
4. သခင်ဘုရားသည် ဘုရားသခင်ကို ဆက်သွယ်သော အသက်တာကို အသက်ရှင်ခဲ့ပြီး (မာ၊၁း၃၅။ လု၊၅း၁။ ၆း၁၂။ ၉း၂၈။ ဟေဗြဲ၊၇း၂၅)၊ ဘုရားသခင်၏မျက်မှောက်တော်၌ မခြားမလပ် အသက်ရှင်နေကာ (တ၊၁၀း၃၈။ ယော၊၈း၂၉။ ၁၆း၃၂) လူများကို ဆက်သွယ်ပြီး၊ သူတို့အား ဘုရားသခင့်ဓမ္မသစ်စီမံကိန်း၏ ဂျူဘလီအထဲသို့ ခေါ်ဆောင်ရန် ဘုရားသခင်ကို သူတို့အထဲသို့ အမှုဆောင်ပေးသည် (လု၊၄း၁၈-၁၉။ ဟေဗြဲ၊၈း၂။ ညွှန်း၊ က၊၁၄း၁၈။ တ၊၆း၄)။
5. ကိုယ်တော်သည် လောကကို အစိုးရသူ စာတန်က ဘာမျှမတတ်နိုင် (အခြေပြုရာမရှိ၊ အခွင့်မရှိ၊ မျှော်လင့်စရာမရှိ၊ မည်သည့်နည်းဖြင့်မဆို ဖြစ်နိုင်ချေမရှိ) ဖြစ်သည့် လူတစ်ဦးဖြစ်သည် - ယော၊၁၄း၃၀ခ၊ ညွှန်း၊ အငယ်၊၂၀။ ၂ကော၊၁၂း၂က။ ကော၊ ၁း၂၇။ ၂တိ၊၄း၂၂။ ယော၊၃း၆ခ။ ၄း၂၃-၂၄။ ၁ယော၊၅း၄၊ ၁၈။

E. သခင်ဘုရား၏စံနမူနာအတိုင်း ဘုရား-လူတစ်ဦး၏ အသက်တာကို အသက်ရှင်ရန် တစ်ခုတည်းသော နည်းလမ်းမှာ ကျွန်ုပ်တို့ဖြစ်ခြင်းတစ်ခုလုံးကို ရောနှောပေါင်းစည်းထားသော ဝိညာဉ်ပေါ်မှာ တင်ထား၍၊ ရောနှောပေါင်းစည်းထားသော ဝိညာဉ်အတိုင်း လျှောက်လှမ်းခြင်း၊ အသက်ရှင်ခြင်းနှင့် ကျွန်ုပ်တို့ဖြစ်ခြင်းကို ထားရှိခြင်း ဖြစ်သည် - ရော၊၈း၂၊ ၄၊ ၁၀၊ ၆၊ ၁၁၊ ၁၆။ ၁ကော၊ ၆း၁၇။ ရော၊၁၀း၁၂။ ဂလ၊၅း၂၅။ ဧ၊၆း၁၇-၁၈။ ၁သက်၊၅း၁၆-၂၀။ ၁တိ၊၄း၆-၇။ ၂တိ၊၁း၆-၇။
F. "ကျွန်ုပ်တို့အားလုံးသည် ဘုရား-လူအသက်တာကို အသက်ရှင်ရန် အလိုရှိကြောင်း ကြွေးကြော်ရမည်။ နောက်ဆုံး၌ ဘုရား-လူများသည် အနိုင်ရသူများ၊ အောင်မြင်သူများ၊ ယေရုရှလင်အတွင်းရှိ ဇိအုန် ဖြစ်လိမ့်မည်ဖြစ်သည်။ ဤအရာက သမိုင်းကြောင်း၌ တစ်ခါမျှ မမြင်တွေ့ဖူးသော အသစ်သောနိုးကြားခြင်းကို ယူဆောင်လာမည်ဖြစ်ပြီး၊ ဤအရာက ဤခေတ်ကို အဆုံးသတ်လိမ့်မည် ဖြစ်သည်" - *Life-study of 1 and 2 Chronicles*, p. 28.

**IV. ကျွန်ုပ်တို့သည် ခရစ်တော်၏ ကောင်းကင်ဆိုင်ရာအမှုတော်၌ ပါဝင်ဆက်ဆံခြင်းအားဖြင့် အသစ်သောနိုးကြားခြင်းအထဲသို့ ဝင်ရောက်နိုင်ကြသည်၊ ယင်းအမှုတော်မှာ ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ ထွက်ပေါ်လာသော အသင်းတော်ဖြစ်သည့် ဘုရားသခင်၏ သိုးတော်စုကို ဂရုစိုက်ရန်အလို့ငှာ ကိုယ်တော်၏သိုးသငယ်များကို ကျွေးမွေးခြင်းနှင့် ကိုယ်တော်၏သိုးများကို ထိန်းကျောင်းခြင်းဖြစ်သည်။ ဤအရာသည် တမန်တော်ဆိုင်ရာအမှုတော်က ခရစ်တော်၏ ကောင်းကင်ဆိုင်ရာအမှုတော်နှင့် ပူးပေါင်းပါဝင်ခြင်းဖြစ်သည် - ယော၊ ၂၁း၁၅-၁၇။ ၁ပေ၊၂း၂၅။ ၅း၁-၄။ ဟေဗြဲ၊၁၃း၂၀-၂၁။ ဗျာ၊၁း၁၂-၁၃။**

A. ကျွန်ုပ်တို့သည် ဘုရားသခင်၏ထာဝရစီမံကိန်းကို သယ်ဆောင်ခြင်းအတွက် ကိုယ်တော်၏အမှုတော်၌ သခင်ယေရှု၏ စံနမူနာအတိုင်း လူများကို ထိန်းကျောင်းရန် လိုအပ်သည် - မ၊၉း၃၆။ ယော၊၁၀း၁၁။ ဟေဗြဲ၊၁၃း၂၀။ ၁ပေ၊၅း၄။

1. ကိုယ်တော်၏ပြည့်စုံသော ကယ်တင်ခြင်း၌ ဘုရားသခင်၏ ဓမ္မသစ်စီမံကိန်းတစ်ခုလုံး၏ ပါဝင်သောအရာများမှာ လူသားတော်အဖြစ် ခရစ်တော်က အသေခံတော်မူခြင်းဖြင့် တရားရေးဆိုင်ရာ ရွေးနုတ်ခြင်းကို ပြီးမြောက်စေကာ ကျွန်ုပ်တို့ကို အပြစ်မှ ရွေးနုတ်ခြင်းအားဖြင့် ပြုစုယုယပေးပြီး (၁တိ၊၁း၁၅။ ဧ၊၁း၇)၊ ဘုရားသခင်၏သားတော်အဖြစ် ခရစ်တော်က ရှင်ပြန်ထမြောက်ခြင်း၌ ဘုရားဆိုင်ရာအသက်ကို ကျွန်ုပ်တို့အထဲသို့ ဝေငှထည့်သွင်းပေးပြီး၊ ကိုယ်တော်၏ အသက်ဆိုင်ရာ ကယ်တင်ခြင်းကို သယ်ဆောင်ခြင်း ဖြစ်သည် (ယော၊၁၀း၁၀။ ၁ကော၊၁၅း၄၅ခ။ ဧ၊၅း၂၉)။
2. ကျွန်ုပ်တို့သည် ခမည်းတော်၏ ချစ်တတ်သော၊ ခွင့်လွှတ်တတ်သောစိတ်နှလုံးနှင့် ကယ်တင်ရှင်၏ ထိန်းကျောင်းသော၊ ရှာဖွေသော ဝိညာဉ် မရှိခြင်းက ကျွန်ုပ်တို့ မြုံနေရခြင်း၏ အကြောင်းရင်းဖြစ်သည် - လု၊၁၅း၁-၂၄။
3. ကျွန်ုပ်တို့သည် ယေရှု၏လူသားဇာတိ၌ လူများကို ပြုစုယုယရန် (သူတို့ကို ပျော်ရွှင်စေရန်၊ သူတို့ကို နှစ်လိုဖွယ်သော၊ သက်သောင့်သက်သာဖြစ်သော ခံစားမှုကို ပေးရန်) လိုအပ်သည် (မ၊၉း၁၀။ လု၊၇း၃၄)။ ကျွန်ုပ်တို့သည် ခရစ်တော်၏ ဘုရားဇာတိ၌ လူများကို ကျွေးမွေးရန် (သူတို့အား ကိုယ်တော်၏အမှုတော်အဆင့်သုံးဆင့်၌ အရာအားလုံးပါဝင်သော ခရစ်တော်ဖြင့် ကျွေးမွေးမစရန်) လိုအပ်သည် (မ၊၂၄း၄၅-၄၇)။

4. ခရစ်တော်သည် ရှာမာရိနယ်ကို ဖြတ်လျှောက်ကာ၊ တမင်တကာဖြင့် ရှုခါမြို့သို့ ကွေ့ပတ်သွားလျက် ကိုယ်ကျင့်တရား မကောင်းသော မိန်းမတစ်ဦးကို ရယူဖို့ သွားခဲ့သည်၊ ယင်းမှာ သူမကို အသက်ရေစီးရာမြစ်အဖြစ် စီးဆင်းနေသော သုံးပါး တစ်ပါးဘုရားဖြင့် ကျွေးမွေးရန်အလို့ငှာ ကိုယ်တော်အား သောက်စရာတစ်ခုခု ပေးဖို့ သူမထံ တောင်းခံခြင်းအားဖြင့် သူမ ကို ပြုစုယုယခဲ့သည် - ယော၊၄း၃-၁၄။ ဗျာ၊၂၂း၁။
5. အပြစ်ကင်းသောအရှင်အဖြစ် ကိုယ်တော်သည် အိမ်ထောင်ဖောက်ပြန်သောမိန်းမကို အပြစ်မစီရင်ခဲ့ဘဲ၊ သူမ၏အပြစ်များ ကို တရားရေးဆိုင်ရာ ခွင့်လွှတ်တော်မူခဲ့ပြီး၊ အသက်ဆိုင်ရာ၌ သူမ၏အပြစ်များမှ လွှတ်ခြင်းအခွင့်ပေးခဲ့ခြင်းဖြင့် သူမကို ပြုစုယုယခဲ့သည် (ယော၊၈း၁-၁၁၊ ၃၂၊ ၃၆)။ ကိုယ်တော်ကားတိုင်မှာအသေခံခြင်းမှတစ်ဆင့် ခရစ်တော်အားဖြင့် ပထမဆုံး ကယ်တင်ခံရသူမှာလည်း သေပြစ်စီရင်ခံရသော ဓားပြတစ်ဦးဖြစ်သည်မှာ အရေးပါလှပါသည် (လု၊၂၃း၄၂-၄၃)။
6. သခင်ဘုရားသည် ယေရိခေါမြို့သို့ သွား၍ အခွန်ခေါင်းဖြစ်သည့် လူတစ်ဦးကို ရယူရန် သွားရောက်ခဲ့ကာ၊ ကိုယ်တော်၏ ဟောပြောခြင်းသည် ထိန်းကျောင်းခြင်း ဖြစ်သည် (၁၉း၁-၁၀)။ ကိုယ်တော်သည် သူတို့၏သားသမီးများအပေါ် ကိုယ် တော်၏လက်တင်ပေးခြင်းအားဖြင့် မိဘများအား ပြုစုယုယပေးခဲ့သည် (မ၊၁၉း၁၃-၁၅)။

B. ကျွန်ုပ်တို့သည် တမန်တော်ပေါလု၏ စံနမူနာအတိုင်း လူများကို ထိန်းကျောင်းရန် လိုအပ်သည်၊ သူသည် ဘုရားသခင်၏ သိုး တော်စုကို ဂရုစိုက်ရန်အလို့ငှာ ပြုစုယုယသော မိခင်နှင့် တိုက်တွန်းနှိုးဆော်သော ဖခင်အဖြစ် သန့်ရှင်းသူများကို ထိန်းကျောင်း ခဲ့သူဖြစ်သည် - ၁သက်၊၂း၇-၈၊ ၁၁-၁၂။ ၁တိ၊၁း၁၆။ တ၊၂၀း၂၈။
1. ပေါလုသည် ဖေက်မြို့ရှိ သန့်ရှင်းသူများအား "လူစုဝေးရာနှင့် တစ်အိမ်ပြီးတစ်အိမ်၌" သွန်သင်ပေးခြင်းအားဖြင့်လည်း ကောင်း (အငယ်၊၂၀)၊ သုံးနှစ်လုံးလုံး သန့်ရှင်းသူတစ်ဦးချင်းစီကို မျက်ရည်ဖြင့် နှိုးဆော်သတိပေးခြင်းဖြင့်လည်းကောင်း (အငယ်၊၃၁၊ ၁၉)၊ ဘုရားသခင်၏ အလိုတော်ကို သူတို့အား အကုန်အစင် ဟောပြောပြသလျက် (အငယ်၊၂၇) ထိန်းကျောင်း ခဲ့သည်။
2. ပေါလုသည် ယုံကြည်သူများအတွက် ရင်းနှီးကျွမ်းဝင်သော စဉ်းစားပေးခြင်းရှိခဲ့ပြီး (၂ကော၊၇း၂-၇။ ဖိလေ၊၇၊ ၁၂)၊ အားနည်း သူတို့ကို ရယူနိုင်ဖို့အလို့ငှာ သူတို့၏အဆင့်သို့ နှိမ့်ချလာခဲ့သူ ဖြစ်သည် (၂ကော၊၁၁း၂၈-၂၉။ ၁ကော၊၉း၂၂။ ညွှန်း၊ မ၊၁၂း၂၀)။
3. သူသည် သူ၏ပိုင်ဆိုင်မှုများကို ရည်ညွှန်းသော မိမိ၌ရှိသည့်အရာကို ကုန်ဆုံးစေရန်နှင့် မိမိဖြစ်ခြင်းကို ရည်ညွှန်းသော သူ ဖြစ်သောအရာကို သန့်ရှင်းသူများအကျိုးအလို့ငှာ ကုန်ဆုံးစေရန် လိုလားဆန္ဒရှိခဲ့သည် (၂ကော၊၁၂း၁၅)။ သူသည် သွန်း လောင်းရာပူဇော်သက္ကာဖြစ်ပြီး၊ စပျစ်ရည်ထုတ်လုပ်သူအဖြစ် ခရစ်တော်နှင့် တစ်လုံးတစ်ဝရှိကာ၊ အခြားသူများက ခရစ် တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် မိမိကိုယ်ကို စွန့်လွှတ်ပူဇော်ခဲ့သည် (ဖိ၊၂း၁၇။ သူကြီး၊၉း၁၃။ ဧ၊၃း၂)။
4. ပေါလုသည် ဘုရားသခင်ကို ရှိသေလေးမြတ်ရန် ဝိညာဉ်တော်အတိုင်း လျှောက်လှမ်းခဲ့သည်၊ သို့မှသာ လူကို ဘုန်းအသရေ ပေးရန် ဝိညာဉ်တော်ကို အမှုဆောင်နိုင်မည်ဖြစ်သည် - ၂ကော၊၃း၃၊ ၆၊ ၈။ ဂလ၊၅း၁၆၊ ၂၅။ သူကြီး၊၉း၉။
5. ပေါလုက သူ၏သွန်သင်ခြင်း၌ အသင်းတော်သည် လူများကို ပျိုးထောင်ပေးရန် အိမ်၊ သူတို့ကို ကုသပေးကာ ပြန်ကျန်းမာ စေမည့် ဆေးရုံ၊ သူတို့ကို သွန်သင်ပေး၍ စုံလင်တည့်မတ်ပေးမည့် ကျောင်းဖြစ်ကြောင်း ညွှန်ပြပေးခဲ့သည် - ဧ၊၂း၁၉။ ၁သက်၊၅း၁၄။ ၁ကော၊၁၄း၃၁။
6. သူက ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့အဖို့ ခရစ်တော်၏ ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်းအတွက် မည်သည့်အရာမဆို ဖြစ်ရန်၊ မည်သည့်အရာမဆို လုပ်ဆောင်ရန် သာလွန်အထူးမြတ်ဆုံးသောလမ်းဖြစ်ကြောင်း ဖွင့်ပြထားသည် - ၈း၁။ ၁၂း၃၁။ ၁၃း၄-၈က။ ဧ၊၁း၄။ ၃း၁၇။ ၄း၂၊ ၁၅-၁၆။ ၅း၂။ ၆း၂၄။ ဗျာ၊၂း၄-၅။ ကော၊၁း၁၈ခ။ ၁သက်၊၁း၃။

C. "ကျွန်ုပ်တို့အလယ်တွင် ဤထိန်းကျောင်းခြင်းဝန်တာကို လက်ခံရယူကြခြင်းအားဖြင့် စစ်မှန်သော နိုးကြားခြင်းရှိလိမ့်မည်ဖြစ် ကြောင်း ကျွန်ုပ် မျှော်လင့်ပါသည်။ အသင်းတော်များအားလုံးသည် ခရစ်တော်၏ အံ့သြဖွယ်သော ထိန်းကျောင်းခြင်း၌ ပါဝင် ဆက်နွှယ်ရန် ဤသွန်သင်ခြင်းကို လက်ခံရယူကြမည်ဆိုလျှင်၊ ပြန်လည်ရယူခြင်း၌ ကြီးစွာသော နိုးကြားခြင်း ရှိလိမ့်မည်ဖြစ် သည်" - *The Collected Works of Witness Lee, 1994–1997,* vol. 5, "The Vital Groups," p. 92.

*© 2026 Living Stream Ministry*

Message Two

## ဘုရားဆိုင်ရာဖွင့်ပြခြင်း၏ အမြင့်ဆုံးအထွတ်အထိပ်သို့ ရောက်ရှိခြင်း

ဖတ်ရန်ကျမ်း။ ။ ၁တိ၊၁း၄။ ဧ၊၁း၁၀။ ၃း၉။ ရော၊၁း၃-၄

**I. ဘုရားသခင်က ကျွန်ုပ်တို့ကို ပေးထားသည့် ဘုရားဆိုင်ရာဖွင့်ပြခြင်း အမြင့်ဆုံးအထွတ်အထိပ်မှာ ဘုရားသခင်၏ ထာဝရစီမံကိန်း ဖွင့်ပြခြင်း - ဘုရားသခင်သည် လူဖြစ်လာ၍ လူသည် ကိုးကွယ်ခံအရာ၌မဟုတ်ဘဲ၊ အသက်နှင့် သဘောသဘာဝ၌ ဘုရားဖြစ်လာခြင်း - ဖြစ်သည်။**

A. ဘုရားသခင်၏ထာဝရစီမံကိန်း ရှင်းလင်းဖော်ပြချက်ဖြစ်သည့် သမ္မာကျမ်းစာတစ်အုပ်လုံးသည် သုံးပါးတစ်ပါးဘုရား၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိဖြစ်ပြီး၊ ထာဝရကာလ အပိုင်းနှစ်ခုအကြားနှင့် အချိန်၏တံတား၌ တွေ့မြင်ရသည်။

1. သုံးပါးတစ်ပါးဘုရားသည် ထာဝရမှ အချိန်အထဲသို့ ရောက်လာပြီး၊ ကိုယ်တော်၏ဘုရားဇာတိနှင့်အတူ လူသားဇာတိအထဲသို့ ဝင်ရောက်လာကာ၊ လူ၌ ကိုယ်တော်၏ တိုက်ရိုက် လှုပ်ရှားမှုအတွက် လူ့ဇာတိခံသော ဘုရားသခင်ဖြစ်လာသည်၊ ယင်းကို ကိုယ်တော်၏ တရားရေးဆိုင်ရာ ရွေးနုတ်ခြင်းပြီးမြောက်ခြင်းအတွက် ဧဝံဂေလိစာစောင် လေးစောင်၌ မြင်ရသည် - ယော၊၁း၁၄၊ ၂၉။
2. ရှင်ပြန်ထမြောက်ခြင်း၌ ကိုယ်တော်သည် ပေါင်းစပ်ထားသော ဘုရားသခင်၊ "အဆင့်ဆင့်ဖြတ်ကျော်သော" ဘုရားသခင်၊ အရာအားလုံးပါဝင်သော၊ အသက်ပေးသောဝိညာဉ်တော် ဖြစ်လာပြီး၊ ယင်းကို ကိုယ်တော်၏အသက်ဆိုင်ရာ ကယ်တင်ခြင်း သယ်ဆောင်ခြင်းအတွက် တမန်တော်ဝတ္ထုနှင့် ဩဝါဒစာစောင်များ၌ မြင်ရသည် - ယော၊၁း၃၂၊ ၄၂။ ၁ကော၊၁၅း၄၅ခ။ ဖိ၊၁း၁၉။
3. ထာဝရအနာဂတ်၌ ဗျာဒိတ် ၂၁ နှင့် ၂၂ တွင် မြင်ရသည့်အတိုင်း ကိုယ်တော်သည် စုပေါင်းထားသော ဘုရားသခင်၊ ယေရုရှလင်မြို့သစ် ဖြစ်လိမ့်မည်ဖြစ်သည်။
4. အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားသည် အသစ်မွေးဖွားခံရသော၊ ပုံသဏ္ဌာန်ပြောင်းလဲသော၊ ဘုန်းထင်ရှားသော ယုံကြည်သူများဖြင့် စကြဝဠာဆိုင်ရာ၊ ဘုရားဆိုင်ရာ-လူသားဆိုင်ရာ ပေါင်းစည်းပါဝင်ခြင်းသည် ဘုရားသခင်၏ထာဝရစီမံကိန်း ပန်းတိုင်ဖြစ်သည် - ယော၊၁း၅၁။ ဗျာ၊၂၁း၃၊ ၂၂။
5. ဘုရားသခင်၏ ဖွင့်ပြခြင်းနှင့် သခင်ဘုရားပြန်လည်ရယူခြင်း၏ အလယ်ဗဟိုဖွင့်ပြခြင်းမှာ ဘုရားသခင်သည် အသွေးအသားဖြစ်လာ၍၊ အသွေးအသားသည် အသက်ပေးသောဝိညာဉ်တော်ဖြစ်လာကာ၊ အသက်ပေးသော ဝိညာဉ်တော်သည် အရှိန်အဟုန်ခုနစ်ဆမြှင့်တင်သော ဝိညာဉ်တော်ဖြစ်လာ၍ အသင်းတော်ကို တည်ဆောက်လျက်၊ ယင်းသည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ဖြစ်လာ၍၊ ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေခြင်း ဖြစ်သည်။

B. ဘုရားသခင်သည် လူဖြစ်လာ၍ လူကို ကိုးကွယ်ခံအရာ၌မဟုတ်ဘဲ အသက်၌၊ သဘောသဘာဝ၌ ဘုရားဖြစ်လာစေခြင်းမှာ ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေသော ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို ထုတ်လုပ်ခြင်းနှင့် တည်ဆောက်ခြင်း အတွက်ဖြစ်ခြင်း သည် သမ္မာကျမ်းစာတစ်အုပ်လုံး၏ အနှစ်သာရ၊ သမ္မာကျမ်းစာ၊ ဘုရားသခင့်ထာဝရစီမံကိန်း "သေတ္တာ" ရှိ "စိန်" ဖြစ်သည် - က၊၁း၂၆။ ယော၊၁၂း၂၄။ ရော၊၈း၂၉။

1. ဘုရားသခင်သည် လူ့ဇာတိခံခြင်းမှတစ်ဆင့် လူ၏လူသားဇာတိ၌ ပါဝင်ဆက်ဆံခြင်းအားဖြင့် လူဖြစ်လာခဲ့သည်။ လူသည် ပုံသဏ္ဌာန်ပြောင်းလဲခြင်းမှတစ်ဆင့် ဘုရားသခင်၏ဘုရားဇာတိ၌ ပါဝင်ဆက်ဆံခြင်းအားဖြင့် ဘုရားဖြစ်လာသည်။
   a. ဘုရားသခင်၏ အသက်၌ ပါဝင်ဆက်ဆံရခြင်း - ယော၊၃း၁၅။ ကော၊၃း၄။
   b. ဘုရားသခင်၏သဘောသဘာဝ၌ ပါဝင်ဆက်ဆံရခြင်း - ဧ၊၁း၄။ ၂ပေ၊၁း၄။
   c. ဘုရားသခင်၏ အသိဉာဏ်တော်၌ ပါဝင်ဆက်ဆံရခြင်း - ဧ၊၄း၂၃။ ဖိ၊၂း၅။
   d. ဘုရားသခင်၏ဖြစ်ခြင်း၌ ပါဝင်ဆက်ဆံရခြင်း - ၂ကော၊၃း၁၈ခ။ ဧ၊၃း၈။
   e. ဘုရားသခင်၏ပုံသဏ္ဌာန်တော်၌ ပါဝင်ဆက်ဆံရခြင်း - ၂ကော၊၃း၁၈က။ ရော၊၈း၂၉။
   f. ဘုရားသခင်၏ဘုန်းတော်၌ ပါဝင်ဆက်ဆံရခြင်း - အငယ်၊၃၀။ ဟေဗြဲ၊၂း၁၀။
   g. ဘုရားသခင်၏ သားအရိုက်အရာ၌ ပါဝင်ဆက်ဆံရခြင်း - ဧ၊၁း၅။ ရော၊၈း၂၃။
   h. ဘုရားသခင်၏ထင်ရှားပေါ်ထွန်းတော်မူခြင်း၌ ပါဝင်ဆက်ဆံရခြင်း - အငယ်၊၁၉။

i. ဘုရားသခင်၏သဏ္ဍာန်တော် ဆောင်ခြင်း - ၁ယော၊၃း၂။

j. ဘုရားသခင်၏ အမျိုးအစား - ဘုရားသခင်၏မျိုးစိတ်များဖြစ်ခြင်း - ယော၊၁း၁၂။ ရော၊၈း၁၄၊ ၁၆။

2. ဤဘုရားဆိုင်ရာ-လူသားဆိုင်ရာ ချစ်ဇာတ်လမ်းသည် သမ္မာကျမ်းစာ တစ်အုပ်လုံး၏ အကြောင်းအရာ၊ ဘုရားသခင့် စီမံကိန်း၏ပါဝင်သောအရာနှင့် စကြဝဠာတစ်ခုလုံး၏ လျှို့ဝှက်ချက် ဖြစ်သည် - သီ၊၁း၁။ ၆း၁၃။

**II. ဘုရားဆိုင်ရာဖွင့်ပြခြင်း၏ အမြင့်ဆုံးအထွတ်အထိပ် - သမ္မာကျမ်းစာ၏ "သေတ္တာ" ရှိ "စိန်" - မှာ ခရစ်တော်၌ ဘုရားသခင်သည် လူဖြစ်လာ၍၊ လူသည် ကိုးကွယ်ခံဦးခေါင်းအရာ၌မဟုတ်ဘဲ၊ အသက်နှင့်သဘောသဘာဝ၌ ဘုရားဖြစ်လာရန်ဟူသော ဖွင့်ပြခြင်း ဖြစ်သည် - ၂ရှမွေ၊၇း၁၂-၁၄က။ ရော၊၁း၃-၄။ ဧ၊၃း၁၇က။**

A. "ဘုရားသခင်သည် လူဖြစ်လာပြီး၊ လူသည် ဘုရားဖြစ်လာခြင်း" သည် ဘုရားသခင်၏စီမံကိန်းဖြစ်သည် - ၁တိ၊၁း၄။

B. ဘုရားသခင်၏ ထာဝရစီမံကိန်းမှာ လူကို ကိုးကွယ်ခံဦးခေါင်းအရာ၌မဟုတ်ဘဲ အသက်နှင့်သဘောသဘာဝ၌ ကိုယ်တော်ကဲ့သို့ တူညီစေ၍၊ မိမိကိုယ်တော်တိုင်ကို လူနှင့်တစ်လုံးတစ်ဝဖြစ်လျက်၊ လူကို ကိုယ်တော်နှင့်တစ်လုံးတစ်ဝဖြစ်စေရန်ဖြစ်သည်၊ ထိုသို့ဖြင့် ကိုယ်တော်၏ထင်ရှားခြင်း၌ ကြီးမားလာခြင်းနှင့်ကျယ်ပြန့်လာခြင်းရှိ၍၊ ကိုယ်တော်၏ ဘုရားဆိုင်ရာဂုဏ်အင်လက္ခဏာများအားလုံးသည် လူသားကောင်းမြတ်ခြင်း၌ ထင်ရှားလာနိုင်ရန်ပင် ဖြစ်သည် - ဧ၊၃း၉။ ၁း၁၀။

1. ဘုရားသခင်၏ကောင်းသောကျေနပ်အားရရာမှာ လူနှင့် တစ်လုံးတစ်ဝဖြစ်၍ လူကို ကိုးကွယ်ခံဦးခေါင်းအရာ၌မဟုတ်ဘဲ အသက်နှင့် သဘောသဘာဝ၌ ကိုယ်တော်ကဲ့သို့ တူညီစေခြင်း ဖြစ်သည် - အငယ်၊၅၊ ၉။

2. ဘုရားသခင်သည် လူဖြစ်လာခြင်းမှာ မိမိကိုယ်တော်တိုင်ကို အမြောက်အမြား ပုံတူပွားထုတ်လုပ်ခြင်း အလို့ငှာလည်းကောင်း၊ ထိုသို့ဖြင့် အသစ်သောအမျိုးအစား - ဘုရား-လူအမျိုးအစားကို ထုတ်လုပ်ခြင်းငှာလည်းကောင်း ဖြစ်သည် - ယော၊၁း၁၊ ၁၄။ ၁၂း၂၄။

C. ဘုရားသခင်၏ စီမံကိန်း ပြီးမြောက်ပြည့်စုံခြင်းအတွက် ကျွန်ုပ်တို့သည် ဘုရားသခင်အား ခရစ်တော်၌ မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့၏အသက်၊ ကျွန်ုပ်တို့၏သဘောသဘာဝနှင့် ကျွန်ုပ်တို့၏စေ့စပ်ထုံးဖွဲ့မှုအဖြစ် ကျွန်ုပ်တို့အထဲသို့ တည်ဆောက်စေ၍၊ ကျွန်ုပ်တို့အား ကိုးကွယ်ခံဦးခေါင်းအရာ၌မဟုတ်ဘဲ အသက်နှင့်သဘောသဘာဝ၌ ဘုရားဖြစ်လာစေရန် လိုအပ်နေပါသည် - ဧ၊၃း၁၇က။ ကော၊၃း၄၊ ၁၀-၁၁။

D. ဘုရားသခင်သည် လူ့ဇာတိခံခြင်းမှတစ်ဆင့် လူဖြစ်လာသည်၊ လူသည် အသစ်မွေးဖွားခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ အသစ်ပြုပြင်ခြင်း၊ ပုံသဏ္ဍာန်ပြောင်းလဲခြင်း၊ သဏ္ဍာတော်တူညီလာခြင်းနှင့် ဘုန်းထင်ရှားခြင်းတို့မှတစ်ဆင့် ဘုရားဖြစ်လာသည် - ယော၊၃း၅-၆။ ၁း၁၂-၁၃။ ရော၊၆း၁၉၊ ၂၂။ ၁၂း၂။ ၈း၂၉-၃၀။

**III. ဘုရားသခင်သည် လူဖြစ်လာ၍ လူကို ဘုရားဖြစ်လာစေခြင်းအားဖြင့်သာ ခရစ်တော်၏ ကိုယ်ခန္ဓာတော်သည် ထုတ်လုပ်ထွက်ပေါ်လာနိုင်မည်ဖြစ်သည်။ ဤအချက်သည် ဘုရားသခင်က ကျွန်ုပ်တို့ကို ပေးထားသော ရူပါရုံ၏ အမြင့်ဆုံးအထွတ်အထိပ်ဖြစ်သည် - အငယ်၊၃။ ၁း၃-၄။ ၈း၁၄။ ၁၂း၄-၅။**

A. ဘုရားသခင်သည် လူဖြစ်လာ၍ လူကို ဘုရားဖြစ်စေကာ၊ ကိုယ်တော်သည် ခရစ်တော်၏ ကိုယ်ခန္ဓာတော် - သုံးပါးတစ်ပါးဘုရား၏ ရှင်သန်သောထုံးဖွဲ့မှု - ကို ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ယင်း၏ အဆုံးစွန်သော ထင်ရှားပေါ်ထွန်းခြင်းမှာ ယေရုရှလင်မြို့သစ်ဖြစ်သည် - ဧ၊၁း၂၂-၂၃။ ၄း၄-၆။ ဗျာ၊၂၁း၂၊ ၉-၁၀။

B. သမ္မာကျမ်းစာက လူသည် မည်သို့ဖြင့် ဘုရား-လူအသက်တာရရှိရန် ဘုရားဖြစ်လာ၍၊ ထိုသို့ဖြင့် ဘုရားသခင်၏ ရှင်သန်သောထုံးဖွဲ့မှုဖြစ်လာနိုင်ကြောင်း ပြသထားသည် - ရော၊၁း၃-၄။ ၁၂း၄-၅။

1. ဤရှင်သန်သောထုံးဖွဲ့မှုသည် ဘုရားသခင်က လူကို ဘုရားဖြစ်စေရန် လူနှင့်အတူ မိမိကိုယ်တော်တိုင် ပေါင်းစည်းဆက်နွှယ်ခြင်းနှင့် ရောနှောပေါင်းစည်းခြင်းဖြစ်သည်။

2. ဘုရားသခင်သည် လူဖြစ်လာခြင်းနှင့် လူသည် ဘုရားဖြစ်လာခြင်၏ ရလဒ်မှာ ရှင်သန်သောထုံးဖွဲ့မှုဖြစ်သည်။ ဤရှင်သန်သောထုံးဖွဲ့မှုသည် ခရစ်တော်၏ကိုယ်ခန္ဓာတော် - ဘုရားသခင်နှင့် လူ၏ ပေါင်းစည်းခြင်းနှင့် ရောနှောခြင်း - ဖြစ်သည် - ဧ၊၄း၄-၆၊ ၁၂။

C. ဘုရားသခင်သည် သားတော်အား လူတစ်ဦးဖြစ်ရန်နှင့် ဘုရားအသက်အားဖြင့် ဘုရား-လူအသက်တာကို အသက်ရှင်စေရန် စေလွှတ်ခဲ့သည်။ ထိုသို့သော အသက်ရှင်ခြင်းသည် ကိုယ်တော်နှင့်အတိအကျထပ်တူညီသော စကြဝဠာဆိုင်ရာလူ - ဘုရားအသက်အားဖြင့် ဘုရား-လူအသက်တာကို အသက်ရှင်သော စုပေါင်းထားသောလူ - ကို ထွက်ပေါ်စေသည် - ရော၊၈း၃။ ၁၂း၄-၅။

D. ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းသည် စုပေါင်းထားသော ဘုရား-လူကို အသက်ရှင်ထွက်ရန် ဘုရားနှင့်အတူ လူ၏ ပေါင်းစည်းခြင်းနှင့် ရောနှောခြင်းဖြစ်သည် - ဧ၊၄း၄-၆၊ ၂၄။

© 2026 Living Stream Ministry

Message Three

## အသစ်သော နိုးကြားမှုအတွက် ဘုရား-လူ အသက်ရှင်ခြင်း

ဖတ်ရန်ကျမ်း။   ။ ဝတ်၊၁း၃၊ ၉။ ဗ်း၈-၁၃။ ယော၊၂၁း၁၅-၁၇။
၁ယော၊ ၃း၁၄။ ၅း၁။ ၂း၆။ ၄း၁၇။ ဂလ၊၆း၂-၃။ ရော၊၈း၂

**I. ဘုရားသခင်၏ စိတ်နှလုံးတော် အလိုဆန္ဒမှာ ဧဝံဂေလိကျမ်းလေးကျမ်း၌ မှတ်တမ်းတင်ထားသည့် ယေရှု၏ ဘုရား-လူ အသက်ရှင်ခြင်း၏ အမှန်တကယ်ရှိခဲ့သော အခြေအနေဖြစ်သည့် "ယေရှု၌ရှိသော စစ်မှန်ခြင်း" (ဧ၄း၂၁)သည် စစ်မှန်ခြင်း၏ဝိညာဉ်တော်အားဖြင့် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ရှိ အင်္ဂါဝင်များစွာထဲ၌ ပုံတူမှုပွားနိုင်ရန်၊ ထိုသို့ဖြင့် အသစ်သောနိုးကြားခြင်းအတွက် ဘုရားသခင်၏ စီမံကိန်း၌ အမြင့်မားဆုံးသော အထွတ်အထိပ်ဖြစ်သည့် ခရစ်တော် ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းဖြစ်လာစေရန် ဖြစ်သည် (အငယ်၂၀-၂၄)။**

A. ဧဝံဂေလိကျမ်းလေးကျမ်းသည် ဘုရားသခင် အလိုရှိသော အသက်တာ၏ ပုံစံနမူနာ၊ ဘုရားသခင်ကို ကျေနပ်စေနိုင်ပြီး၊ ကိုယ်တော်၏ ရည်ရွယ်ချက်ကို ပြည့်စုံစေနိုင်သော အသက်တာ၏ ပုံစံခွက်ကို ပြသထားသည်။ ယေရှုသည် အရာခပ်သိမ်းကို ဘုရားသခင်၌၊ ဘုရားသခင်နှင့်အတူ၊ ဘုရားသခင်အတွက် လုပ်ဆောင်သော အသက်တာကို အသက်ရှင်ခဲ့သည်။ ဘုရားသခင်သည် ကိုယ်တော်၏ အသက်ရှင်ခြင်း၌ ပါရှိပြီး၊ ကိုယ်တော်သည် ဘုရားသခင်နှင့် တစ်လုံးတစ်ဝတည်း ဖြစ်ခဲ့သည်။ ဤသည်မှာ *ယေရှု၌ရှိသောစစ်မှန်ခြင်း* ဟူသောစကား၏ အဓိပ္ပာယ်ပင် ဖြစ်သည်။ ယေရှု၌ရှိသည့် စစ်မှန်ခြင်းအတိုင်း ခရစ်တော်ကို သင်ယူခြင်းဆိုသည်မှာ ခရစ်တော်၏ ပုံစံနမူနာအထဲသို့ ပုံသွင်းခံရခြင်း၊ ခရစ်တော်၏ ပုံသဏ္ဍာန်တော်သို့ ပုံသဏ္ဍာန်တူညီလာစေခြင်းပင် ဖြစ်သည် - ရော၊၈း၂၈-၂၉။ ဧ၊ ၄း၂၀-၂၁။

B. ကျွန်ုပ်တို့သည် ပထမဦးဆုံးသော ဘုရား-လူဖြစ်သည့် ခရစ်တော်၏ ပုံစံခွက်နှင့်အညီ ကျွန်ုပ်တို့၏ ဇာတိအသက်ကို ငြင်းပယ်ခြင်းအားဖြင့် ဘုရားဆိုင်ရာအသက်ကို အသက်ရှင်ခြင်းအားဖြင့် ဘုရား-လူဖြစ်လာစေရန် ဘုရားသခင်၏ စုံလင်စေခြင်းကို ခံရသည် - မ၊ ၁၁း၂၉က။ ၁၇း၅ခ။ ၁ပေ၊ ၂း၂၁။

1. မြေကြီးပေါ်ရှိ ကိုယ်တော်၏ အသက်တာ၌ ကိုယ်တော်သည် ဧဝံဂေလိကျမ်းလေးကျမ်း၌ ဖော်ပြထားသည့်အတိုင်း စံနမူနာတစ်ခုကို ချမှတ်ခဲ့သည်။ ထို့နောက် အသက်ပေးသောဝိညာဉ်တော် ဖြစ်လာရန် ကိုယ်တော်လက်ဝါးကပ်တိုင်ပေါ် အသေ ခံ၍ ရှင်ပြန်ထမြောက်ခဲ့သည်၊ သို့မှသာ ကိုယ်တော်သည် ကျွန်ုပ်တို့၏ အသက်ဖြစ်လာရန် ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်နိုင်မည် ဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိတို့၏ ဇာတိအသက်အားဖြင့် မဟုတ်ဘဲ၊ ရှင်ပြန်ထမြောက်ခြင်း၌ရှိသော ကျွန်ုပ်တို့၏ အသက်တည်းဟူသော ကိုယ်တော်အားဖြင့် ကိုယ်တော်၏ စံနမူနာအတိုင်း ကိုယ်တော်ထံမှ သင်ယူကြသည် - ၁ကော၊ ၁၅း၄၅ခ။ ကော၊၃း၄။

2. ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာသည် ခရစ်တော်၌ရှိသောအသက်တာဖြစ်သကဲ့သို့၊ ကျွန်ုပ်တို့ထဲ၌ ခရစ်တော်၏အသက်တာလည်း ဖြစ်သည်။ ကျွန်ုပ်တို့သည် ပုံစံခွက်တည်းဟူသော ခရစ်တော်၌ ရှိကြပြီး၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏ အသက်အဖြစ် ကျွန်ုပ်တို့ထဲ၌ ရှိသည်။ ဤနည်းအားဖြင့် ကျွန်ုပ်တို့သည် ယေရှု၌ရှိသော စစ်မှန်ခြင်းအဖြစ် ခရစ်တော်ကို သင်ယူကြသည်။ ဤစစ်မှန်ခြင်းသည် ခရစ်တော် ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်း ဖြစ်သည် - ၁ကော၊၁း၃၀။ ၂ကော၊ ၅း၁၇။ ၁၃း၂က။ ကော၊ ၁း၂၇။ ဂလ၊ ၂း၂၀။ ရော၊ ၈း၁၀။

C. ကျွန်ုပ်တို့သည် သခင်ဘုရားကို ချစ်ခြင်း၊ ကိုယ်တော်ကို ဆက်သွယ်ခြင်းနှင့် ကိုယ်တော်ထံ ဆုတောင်းခြင်းပြုသည်နှင့်အမျှ၊ ကျွန်ုပ်တို့သည် ဧဝံဂေလိကျမ်းများ၌ ဖော်ပြထားသော ပုံစံခွက်၊ သဏ္ဍာန်၊ စံနမူနာအတိုင်း အလိုအလျောက် ကိုယ်တော်ကို အသက်ရှင်နေခြင်းဖြစ်သည်။ ဤနည်းအားဖြင့် ကျွန်ုပ်တို့သည် ဤပုံစံခွက်၏ပုံသဏ္ဍာန်နှင့်အညီ ပုံသွင်းခြင်း၊ သဏ္ဍာန်တူညီခြင်း ခံရကြသည် - ဤသည်မှာ ခရစ်တော်ကို သင်ယူခြင်းပင် ဖြစ်သည် - မ၊ ၁၁း၂၉။ ရော၊ ၈း၂၉။

D. ကျွန်ုပ်တို့သည် ရောနှောပေါင်းစည်းသော ဝိညာဉ်၌ အသက်ရှင်သောအခါ၊ ကျွန်ုပ်တို့သည် စစ်မှန်ခြင်း၏ ဝိညာဉ်တော်အားဖြင့် ယေရှု၌ရှိသော စစ်မှန်ခြင်းနှင့်အညီ ခရစ်တော်ကို သင်ယူနေကြခြင်း ဖြစ်သည်။ ကိုယ်တော်၏ အတ္ထုပ္ပတ္တိသည် ကျွန်ုပ်တို့၏ သမိုင်းကြောင်း ဖြစ်လာစေရန် ကျွန်ုပ်တို့၏ ပုံစံခွက်ဖြစ်သော ကိုယ်တော်ထံမှ ကျွန်ုပ်တို့ သင်ယူကြသည်။ လူသစ်အဖြစ် ခရစ်တော် ကိုယ်ခန္ဓာတော်၏ အသက်ရှင်ခြင်းသည် ဧဝံဂေလိကျမ်းများ၌ ဖော်ပြထားသော ယေရှု၏ အသက်ရှင်ခြင်းနှင့် တစ်ထပ်တည်းတူညီရမည် ဖြစ်သည် - ဂလ၊၆း၁၇-၁၈။ ရော၊ ၁း၁၊ ၉။ ဧ၊ ၄း၂၀-၂၄။ ဖိ၊၂း၅။ မ၊ ၁၁း၂၉။ ၁ပေ၊ ၂း၂၁။

E. သခင်ယေရှုအား လူတစ်ဦးဖြစ်စေရန် စေလွှတ်ရာ၌ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ ကိုယ်တော်ကို ဘုရားဆိုင်ရာအသက်အားဖြင့် ဘုရား-လူ အသက်တာကို အသက်ရှင်စေရန် ဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ကို စားသုံးသောအခါ၊ ကျွန်ုပ်တို့သည် ကိုယ်တော်ကြောင့် အသက်ရှင်ကြပြီး၊ ကိုယ်တော်နှင့်တစ်ထပ်တည်းတူညီသော-ဘုရားဆိုင်ရာ အသက် အားဖြင့် ဘုရား-လူအသက်တာကို အသက်ရှင်သည့်- စကြဝဠာဆိုင်ရာ ကြီးမားသောလူဖြစ်လာရန် ဖြစ်သည် - မြည်၊၃း၂၂-၂၄၊ ၅၅-၅၆။ ဗျာ၊ ၂း၄၊ ၇။ ယော၊၆း၅၇။ ယေရမိ၊ ၁၅း၁၆။ ဧ၊ ၆း၁၇-၁၈။ ဆာ၊ ၁၁၉း၁၅။

## II. ဘုရားသခင်ကို ကျေနပ်စေသည့် တစ်ခုတည်းသော အသက်တာမှာ မြေကြီးပေါ် အသက်ရှင်ခဲ့သော ခရစ်တော်၏ အသက်တာကို တစ်ဖန်ထပ်ကျော့ထားသည့် အသက်တာဖြစ်သည်။ ဤသည်မှာ မီးရှို့ရာပူဇော်သက္ကာ တည်းဟူသော ကိုယ်တော်၏အတွေ့အကြုံများထဲ၌ ခရစ်တော်ကို တွေ့ကြုံခံစားခြင်းအသက်တာဖြစ်သည် - ဝတ်၊၁း၉။ ယော၊ ၈း၂၉။ ၂ကော၊ ၅း၉။

A. မီးရှို့ရာပူဇော်သက္ကာသည် ဘုရားသခင်နှင့် ဘုရားသခင်၏ ကျေနပ်နှစ်သိမ့်ခြင်းအတွက် လုံးလုံးအကြွင်းမဲ့ဖြစ်သော အသက်တာကို အသက်ရှင်တော်မူသော ခရစ်တော်ကို ပုံဆောင်သည်။ မီးရှို့ရာပူဇော်သက္ကာသည် ဘုရားသခင်၏လူများကို ထိုသို့သော အသက်ရှင်နိုင်စေသော အသက်ဖြစ်တော်မူခြင်း၌လည်း ခရစ်တော်ကို ပုံဆောင်သည် -ဝတ်၊ ၁း၃။ စာရင်း၊ ၂၈း၂-၃။ ယော၊ ၅း၃၀။ ၆း၃၈။ ၈း၂၉။ ဟေဗြဲ၊ ၁၀း၅-၁၀။

B. “မီးရှို့ရာပူဇော်ကွာ”ဟု ဘာသာပြန်ဆိုထားသော စကားလုံးသည် အထက်သို့ တက်သွားသောအရာကို ဆိုလိုသည်။ ဤတက်သွားခြင်းသည် ခရစ်တော်ကို ရည်ညွှန်းသည် (ဝတ်၊၁း၃၊ ၁၀၊ ၁၄)။ မြေကြီးမှ ဘုရားသခင်ထံသို့ တက်သွားနိုင်သည့် တစ်ခုတည်းသောအရာမှာ ခရစ်တော်ဖြင့် အသက်ရှင်ခဲ့သော အသက်တာပင် ဖြစ်သည်၊ ကိုယ်တော်သည် ဘုရားသခင်အတွက် လုံးလုံးအကြွင်းမဲ့ဖြစ်သော အသက်တာ (ယော၊၆း၃၈) ကို အသက်ရှင်ခဲ့သော တုနှိုင်းရာမရှိသော ပုဂ္ဂိုလ်ဖြစ်သည်။

C. မီးရှို့ရာပူဇော်သက္ကာသည် “ယေဟောဝါအား ကျေနပ်စေသော အမွှေးအကြိုင် ဖြစ်သည်” (ဝတ်၊၁း၉)။ “ကျေနပ်စေသော အမွှေးအကြိုင်”ဟု ဘာသာပြန်ဆိုထားသော ဟေဗြဲစကားလုံးများ၏ တိုက်ရိုက်အဓိပ္ပာယ်မှာ “နားခိုခြင်း သို့မဟုတ် ကျေနပ်အားရခြင်း ရနံ့” ဟု ဆိုလိုသည်။ ကျေနပ်အားရစေသော ရနံ့ဆိုသည်မှာ ကျေနပ်နှစ်သိမ့်ခြင်း၊ ငြိမ်သက်ခြင်းနှင့် နားခိုခြင်းတို့ကို ဆောင်ကြဉ်းပေးသော ရနံ့ ဖြစ်သည်။ ထိုသို့သော ကျေနပ်အားရစေသော ရနံ့သည် ဘုရားသခင်အတွက် မွေ့လျော်ဝမ်းမြောက်မှုတစ်ခု ဖြစ်သည်။

D. ကျွန်ုပ်တို့အတွင်းရှိ ခရစ်တော်၏အသက်သည် မီးရှို့ရာပူဇော်သက္ကာ၏ စစ်မှန်ခြင်းဖြစ်သည် - ဤသည်မှာ နာခံခြင်းရှိသော အသက်၊ ဝန်ခံခြင်းရှိသော အသက်၊ အသက်ပင်၏မူအလေ့အလာအတိုင်း ဘုရားသခင်အပေါ် လုံးဝမှီခိုသော အသက်ဖြစ်သည် - ဖိ၊၂း၈။ ယော၊၅း၁၉၊ ၃၀။ ဟေဗြဲ၊၅း၈။ ၁၀း၇။

1. လူသည် ဘုရားသခင်ထံမှ ကင်းကွာလျက်၊ ဘုရားသခင်ပြင်ပမှ မိမိတစ်ဦးတည်းနှင့် လွတ်လပ်စွာ လုပ်ဆောင်ခြင်းသည် အပြစ်ဖြစ်သည်။ ဘုရားသခင်က အရာခပ်သိမ်း၌ ကိုယ်တော်၏လမ်းညွှန်မှုအတိုင်း ကျွန်ုပ်တို့ကို ပြုမူလုပ်ဆောင်ခြင်းရှိစေလိုသည် - ဆာ၊၄၀း၇-၈။ ၁ယော၊၃း၄။
2. "အကြင်သူသည် ဘုရားသခင်၏နိုင်ငံတော်ကို သူငယ်ကဲ့သို့ မခံမယူ။ ထိုသူသည် နိုင်ငံတော်သို့ မဝင်ရ" (လု၊၁၈း၁၇)။ ဘုရားသခင်က ကျွန်ုပ်တို့အား ကိုယ်တော်အပေါ် တစ်ချိန်လုံး မှီခိုခြင်း ရှိစေလိုသောကြောင့် ကလေးသူငယ်ကဲ့သို့ တစ်ချိန်လုံး ရှိစေလိုသည်။ မိမိကိုယ်ကို ကိုးစားခြင်းသည် ဘုရားသခင်ကိုမှီခိုခြင်း၏ ရန်သူဖြစ်သည်။

E. သင့်လျော်မှန်ကန်သော ဆုတောင်းခြင်းအားဖြင့် ကျွန်ုပ်တို့၏ မီးရှို့ရာပူဇော်သက္ကာတည်းဟူသော ခရစ်တော်အပေါ် လက်တင်ခြင်းဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်ထံ ပေါင်းစည်းဆက်နွယ်သွားပြီး၊ ကိုယ်တော်နှင့် ကျွန်ုပ်တို့သည် တစ်လုံးတစ်ဝတည်း ဖြစ်သွားကြသည်။ ခရစ်တော်သည် ကျွန်ုပ်တို့ထဲ၌ အသက်ရှင်တော်မူသည်နှင့်အမျှ၊ ကိုယ်တော်သည် မြေကြီးပေါ် အသက်ရှင်ခဲ့သော အသက်တာ၊ မီးရှို့ရာပူဇော်သက္ကာ၏ အသက်တာကို ကျွန်ုတို့ထဲ၌ ထပ်မံအသက်ရှင်ပေးသည် - အငယ်၊ ၄။ ၁ကော၊ ၆း၁၇။ ဂလ၊ ၂း၂၀။

F. ထိုကဲ့သို့သော ပေါင်းစည်းဆက်နွယ်ခြင်း၊ ထိုကဲ့သို့သော ထပ်တူဖြစ်ခြင်း၌ ကျွန်ုပ်တို့၏ အားနည်းချက်များ၊ ချွတ်ယွင်းချက်များနှင့် အပြစ်အနာအဆာများအားလုံးကို ကိုယ်တော်အားဖြင့် ယူဆောင်သွားတော်မူသည် - ၂ကော၊ ၅း၂၁။ ဂလ၊၂း၂၀။

G. ကျွန်ုပ်တို့သည် သခင်ဘုရားအား ကျွန်ုပ်တို့ကို လောင်ကျွမ်းစေရန် ခွင့်ပြုရမည်၊ သို့မှသာ ကျွန်ုပ်တို့သည် အခြားသူများကို လောင်ကျွမ်းစေရန်နှင့် ဘုရားသခင်၏ ထင်ရှားခြင်းအတွက် ယေရုရှလင်မြို့သစ် ဖြစ်လာရန် ပြာဖြစ်သွားသည်အထိ အစဉ်

မပြတ်သော မီးရှို့ရာပူဇော်သက္ကာ ဖြစ်နိုင်မည် ဖြစ်သည် - ဆာ၊၂၀း၃။ ဝတ်၊ ၁း၁၆။ ၆း၈-၁၃။ ၁ကော၊ ၃း၁၂က။ ဗျာ၊ ၃း၁၂။ ၂၁း၂၊ ၁၀-၁၁၊ ၁၈-၂၁။

1. ပြာများသည် ဘာမျှမဟုတ်သည်အထိ လျှော့ချခံရသည့် ခရစ်တော်ကို ရည်ညွှန်းသည်။ ကျွန်ုပ်တို့သည် ပြာအဖြစ်သို့ လျှော့ချခံရသည့် ခရစ်တော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်သည့်အတွက်ကြောင့်၊ ကျွန်ုပ်တို့သည်လည်း ပြာအဖြစ်သို့ လျှော့ချခံရသည်၊ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် ဘာမျှမဟုတ်ခြင်း၊ သုညသို့ လျှော့ချခံရခြင်း ဖြစ်သည်။ - မာ၊ ၉း၁၂။ ဟေရှာ၊ ၅၃း၃။ ၁ကော၊ ၁း၂၈။ ၂ကော၊ ၁၂း၁၁။
2. ကျွန်ုပ်တို့သည် ကိုယ်တော်၏ အသေခံခြင်း၌ ခရစ်တော်နှင့် ပို၍ထပ်တူကျလေလေ၊ ကျွန်ုပ်တို့သည် ပြာအစုအပုံ အဖြစ်သို့ ရောက်သွားပြီ ဖြစ်ကြောင်းကို ပို၍ နားလည်သဘောပေါက်လာလေလေ ဖြစ်သည်။ ကျွန်ုပ်တို့သည် ပြာများဖြစ်လာသောအခါ၊ ကျွန်ုပ်တို့သည် ဇာတိလူ မဟုတ်တော့ပါ။ ထိုအစား ကျွန်ုပ်တို့သည် လက်ဝါးကပ်တိုင်ပေါ်အသေခံသော၊ အဆုံးသတ်ခြင်းခံသော၊ မီးရှို့ခံရသောသူများ ဖြစ်ကြသည် - ဂလ၊ ၂း၂၀။

H. ပြာများကို ယဇ်ပလ္လင် အရှေ့ဘက်နား၊ နေထွက်ရာဘက်၌ ထားခြင်းမှာ ရှင်ပြန်ထမြောက်ခြင်းကို ရည်ညွှန်းသည် - ဝတ်၊ ၁း၁၆။ ယောဲ၁၁း၂၅။ ဖိ၊၃း၁၀-၁၁။ ၂ကော၊ ၁း၉။

1. မီးရှို့ရာပူဇော်သက္ကာဖြစ်သည့် ခရစ်တော်နှင့်အတူ ပြာများသည် အဆုံးသတ်ခြင်း မဟုတ်ပါ - ၎င်းမှာ အစပြုခြင်းသာ ဖြစ်သည်။ ပြာများသည် ခရစ်တော် အသေသတ်ခြင်းခံရပြီးဟုဆိုလိုသော်လည်း၊ အရှေ့ဘက်အရပ်သည် ရှင်ပြန်ထမြောက်ခြင်း အဓိပ္ပာယ်ဆောင်သည် - မာ၊ ၉း၃၁။
2. ကျွန်ုပ်တို့သည် ခရစ်တော်၌ ပြာအဖြစ်သို့ ပို၍ရောက်ရှိလေလေ၊ အရှေ့ဘက်သို့ ပို၍ ပို့ဆောင်ခံရလေလေ ဖြစ်လိမ့်မည်။ ထိုအရှေ့ဘက်၌ နေ ထွက်ပေါ်လာမည်ဖြစ်ကြောင်းနှင့် ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်း၏ အရာဏ်ဦးကို ခံစားရမည်ဖြစ်ကြောင်း အာမခံချက်ရှိလာမည် ဖြစ်သည် - ဖိ၊ ၃း၁၀-၁၁

I. နောက်ဆုံးတွင် ပြာများသည် ယေရုရှလင်မြို့သစ် ဖြစ်လာလိမ့်မည် ဖြစ်သည် - ဗျာ၊၃း၁၂။ ၂၁း၂၊ ၁၀-၁၁။

1. ခရစ်တော်၏ အသေခံတော်မူခြင်းသည် ကျွန်ုပ်တို့အား အဆုံးသတ်စေပြီး၊ ပြာဖြစ်စေသည်။ ရှင်ပြန်ထမြောက်ခြင်း၌ ထိုပြာများသည် ဘုရားသခင်၏ တည်ဆောက်ခြင်းအတွက် အဖိုးတန်သော တန်ဆာပလာများ ဖြစ်လာသည် - ၁ကော၊ ၃း၉ခ၊ ၁၂က။
2. ကျွန်ုပ်တို့သည် ပြာအဖြစ်သို့ လျှော့ချခံရသောအခါ၊ ကျွန်ုပ်တို့သည် ယေရုရှလင်မြို့သစ် တည်ဆောက်ရန်အတွက် အဖိုးတန်သော တန်ဆာပလာများ ဖြစ်လာစေရန် သုံးပါးတစ်ပါးဘုရား၏ ပုံသဏ္ဌာန်ပြောင်းလဲခြင်းအထဲသို့ ခေါ်ဆောင်ခြင်း ခံရသည် - ရော၊ ၁၂း၁-၂။ ၂ကော၊ ၃း၁၈။ ဗျာ၊ ၂၁း၁၈-၂၁။

**III. ဘုရားသခင်၏ဓမ္မသစ်အမှုတော်ကို သယ်ဆောင်ခြင်း၌ သခင်ယေရှုသည် မီးရှို့ရာပူဇော်သက္ကာ၏ စစ်မှန်ခြင်းဖြစ် သည့်အလျောက်၊ မိမိကိုယ်တော်တိုင်မှ မည်သည့်အရာကိုမျှ မပြုလုပ်ခဲ့ပါ (ယော၊၅း၁၉)၊ ကိုယ်တော်သည် သူ၏ကိုယ်ပိုင်အလုပ်ကို မလုပ်ဆောင်ခဲ့ပါ (၄း၃၄၊ ၁၇း၄)၊ ကိုယ်တော်သည် သူ၏ကိုယ်ပိုင်စကားကို မပြောဆိုခဲ့ပါ (၁၄း၁၀၊ ၂၄)၊ ကိုယ်တော်သည် အရာရာတိုင်းကို သူ၏ကိုယ်ပိုင်အလိုဆန္ဒဖြင့် မလုပ်ဆောင်ခဲ့ပါ (၅း၃၀)၊ ထို့ပြင် ကိုယ်တော်သည် သူ၏ကိုယ်ပိုင် ဘုန်းအသရေကို မရှာဖွေခဲ့ပါ (၇း၁၈)။ ကိုယ်တော်သည် ဘုရားသခင်နှင့်သာ ကျေနပ်အားရမှု ရှိသောကြောင့် မည်သည့်အခါမျှ စိတ်ပျက်အားလျော့ခြင်း မရှိခဲ့ပါ (ဟေရှာ၊ ၄၂း၄၊ ၅၀း၄-၅။ ၅၃း၂က။ ညွှန်း၊ ယော၊ ၄း၁၃-၁၄။ ၆း၁၅။ မာ၊ ၉း၇-၈။**

A. သခင်ဘုရား၏ အသက်သည် ကိုယ်တော်၏ အလုပ်၊ ကိုယ်တော်၏ လှုပ်ရှားမှုနှင့် ကိုယ်တော်၏ အမှုတော် ဖြစ်သည်။ ကိုယ်တော်၏ အလုပ်သည် ကိုယ်တော်၏ အသက်ရှင်ခြင်းဖြစ်ပြီး၊ ကိုယ်တော်၏ လှုပ်ရှားမှုသည် ကိုယ်တော်၏ ဖြစ်ခြင်း ဖြစ်သည်။ ကိုယ်တော်၌ သူ၏အသက်၊ သူ၏အလုပ်၊ သူ၏ လှုပ်ဆောင်မှုနှင့် သူ၏အမှုတော် တို့အကြား ကွဲပြားခြားနားမှု မရှိပေ။ သခင်ယေရှုသည် သူ၏အမှုတော်ကို အသက်ရှင်ခဲ့သည် - ညွှန်း၊ လု၊ ၂၂း၂၆-၂၇။ ယော၊ ၁၀း၁၀ခ။ ၁ကော၊ ၁၅း၄၅ခ။ ၁ယော၊ ၅း၁၆က။ ၂ကော၊ ၃း။ ဖိ၊ ၁း၂၅။

B. သခင်ယေရှုသည် ဆုတောင်းသောလူတစ်ဦးဖြစ်သည်။ ကိုယ်တော်သည် ဆုတောင်းရန်အတွက် တောင်ပေါ်သို့ သို့မဟုတ် ဆိတ်ငြိမ်ရာအရပ်သို့ မကြာခဏ ထွက်ခွာသွားခဲ့သည် - မ၊၁၄း၂၃။ မာ၊၁း၃၅။ လု၊ ၅း၁၆။ ၆း၁၂။ ၉း၂၈။

C. လူငါးထောင်အား ကျွေးမွေးသည့် အံ့ဖွယ်နိမိတ်လက္ခဏာကို ပြုပြီးနောက်၊ ခမည်းတော်ထံ သီးသန့်ဆုတောင်းရန် အချိန် ပိုမိုရရှိနိုင်ရန်အတွက် တပည့်တော်များအား သူ့ထံမှ ထွက်ခွာသွားရန် စေခိုင်းတော်မူခဲ့သည် - မ၊၁၄း၂၂-၂၃။

1. လူသားတစ်ဦး၏ အနေအထား၌ ရပ်တည်သော(၄း၄)၊ ခမည်းတော်၏ ချစ်မြတ်နိုးတော်မူသောသားအဖြစ် (၃း၁၇) ကောင်းကင်ဆိုင်ရာ ရှင်ဘုရင်သည် ကောင်းကင်များ၏နိုင်ငံတော် တည်ထောင်ရန်အတွက် မြေကြီးပေါ် ကိုယ်တော် လုပ်ဆောင်သမျှ အမှုအရာတိုင်း၌ ခမည်းတော်နှင့် တစ်လုံးတစ်ဝတည်း ဖြစ်နေရန်နှင့် ခမည်းတော်သည် ကိုယ်တော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်စေရန်အလို့ငှာ ကောင်းကင်များ၌ရှိတော်မူသော သူ၏ခမည်းတော်ထံ သီးသန့် ဆုတောင်းရန် လိုအပ်ခဲ့သည်။

2. ကိုယ်တော်သည် ခမည်းတော်နှင့် ထိတွေ့ဆက်သွယ်ရန် တစ်ပါးတည်း ရှိနေနိုင်ဖို့ရန်အလို့ငှာ၊ လူအပေါင်းတို့နှင့် သူ၏ တပည့်တော်များကိုပင် ထားရစ်ခဲ့ပြီး၊ လွင်ပြင်အရပ်၌ မဟုတ်ဘဲ၊ တောင်ပေါ်သို့ ကြွရောက်၍ ဤသို့ ပြုခဲ့ခြင်း ဖြစ်သည်။

D. ကိုယ်တော်သည် ဘုရားသခင်နှင့် တစ်လုံးတစ်ဝတည်းဖြစ်သော ဆုတောင်းသောသူ ဖြစ်သောကြောင့်၊ ခမည်းတော်သည် သူနှင့်အတူ ရှိတော်မူသောကြောင့် ကိုယ်တော်သည် ဘယ်သောအခါမျှ တစ်ဦးတည်း မဟုတ်ခဲ့ပါ။ အခိုက်အတန့်တိုင်း၌ ကိုယ်တော်သည် သူ့ခမည်းတော်၏ မျက်နှာတော်ကို ဖူးမြင်ခဲ့ရသည် - ယော၊ ၅း၁၉။ ၁၆း၃၂။ ဆာ၊ ၁၆း၇-၈။ ညွှန်း၊ ၂၇း၈။

**IV. ကျွန်ုပ်တို့ ဘုရားသခင် ကိုယ်တော်တိုင်ဖြစ်တော်မူသော ချစ်ခြင်းမေတ္တာ၌ တည်နေသောအခါ၊ "ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့ကို စုံလင်စေသောအားဖြင့် တရားစီးရင်တော်မူသောနေ့၌ ရဲရင့်သောအခွင့်ရှိကြလိမ့်မည်။ <u>အကြောင်းမူကား၊ ငါတို့သည် ကိုယ်တော်၏ နည်းတူ ဤလောက၌ ဖြစ်ကြ၏</u>" (၁ယော၊၄း၁၇)။ မီးရှို့ရာပူဇော်သက္ကာ၏ စစ်မှန်ခြင်း ဖြစ်တော်မူသော ခရစ်တော်သည် ဤလောက၌ ချစ်ခြင်းမေတ္တာဖြစ်သော ဘုရားသခင်၏ အသက်ကို အသက်ရှင်ခဲ့ သည်။ ယခုတွင် ကိုယ်တော်သည် ကျွန်ုပ်တို့၏အသက် ဖြစ်တော်မူသည်ဖြစ်ရာ၊ ကျွန်ုပ်တို့သည်လည်း ဤလောက၌ ထိုသို့သော ချစ်ခြင်းမေတ္တာအသက်မျိုးဖြင့် အသက်ရှင်နိုင်ကြပြီး ကိုယ်တော်ဖြစ်တော်မူသည်နည်းတူပင် ဖြစ်နိုင်ကြသည်။**

A. ကျွန်ုပ်တို့၏ ဝိညာဉ်၌ရှိသော အသက်၏ဝိညာဉ်တော်တရားသည် ချစ်ခြင်းမေတ္တာ၏တရားတည်းဟူသော ခရစ်တော်၏ တရားဖြစ်သည် (ရော၊၈း၂။ ဂလ၊၆း၂)။ ချစ်ခြင်းမေတ္တာ၏တရားသည် အသက်၏ ဝိညာဉ်တော်၏တရားဖြင့် လက်တွေ့ကျကျ အတည်ပြုရမည်၊ သို့မှသာ ကျွန်ုပ်တို့သည် အခြားသူ၏ ဝန်ထုတ်ဝန်ပိုးများကို ထမ်းဆောင်နိုင်ကြမည် ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့သည် မာနနှင့်ပြည့်နှက်နေပါက၊ ကျွန်ုပ်တို့သည် ဘာမျှ မဟုတ်ဘဲနှင့် တစ်ခုခုဖြစ်သည်ဟု ထင်မှတ်ကာ မိမိကိုယ်ကို လှည့်စားနေသောကြောင့် အခြားသူ၏ဝန်ကို ထမ်းဆောင်နိုင်လိမ့်မည် မဟုတ်ပေ (အငယ်၊ ၃)။

B. ကျွန်ုပ်တို့အတွင်း၌ ချစ်ခြင်းမေတ္တာ၏တရားသည် အလုပ်လုပ်လာသောအခါ၊ ကျွန်ုပ်တို့သည် ခမည်းတော်ဘုရား၏မေတ္တာ ရှိ၍ ခွင့်လွှတ်တတ်သော စိတ်နှလုံးနှင့် ကယ်တင်ရှင်ခရစ်တော်၏ ထိန်းကျောင်းခြင်းနှင့် ရှာဖွေတတ်သော ဝိညာဉ်ရှိသည့် သိုးထိန်းများအဖြစ် အလိုအလျောက် ဖြစ်လာကြမည် ဖြစ်သည် - ယော၊၂၁း၁၅-၁၇။ လု၊ ၁၅း၃-၇။

C. ကျွန်ုပ်တို့အတွင်း၌ ချစ်ခြင်းမေတ္တာ၏တရားသည် အလုပ်လုပ်လာသောအခါ၊ သခင်ဘုရား၌ ကျွန်ုပ်တို့ အားထုတ်လုပ်ဆောင်မှုသည် "အားနည်းသူများကို မစပေးသော" (တ၊၂၀း၃၅)၊ "အားနည်းသူများကို ထောက်မပေးသော" (၁သက်၊၅း၁၄) ချစ်ခြင်းမေတ္တာ၏ အားထုပ်လုပ်ဆောင်မှု ဖြစ်လာမည်ဖြစ်သည် (၁ကော၊ ၁၅း၅၈။ ၁သက်၊၁း၃)။ *အားနည်းသောသူ*ဆိုသည်မှာ ဝိညာဉ်၊ စိတ် သို့မဟုတ် ခန္ဓာ၌ အားနည်းသူများ၊ သို့မဟုတ် ယုံကြည်ခြင်း၌ အားနည်းသူများကို ရည်ညွှန်းသည် (ရော၊ ၁၄း၁။ ၁၅း၁)။

D. ကိုယ်တော်၏ ရှင်ပြန်ထမြောက်ပြီးနောက် သခင်ဘုရားသည် ပေတရုအား သူ၏သိုးသငယ်များကို ကျွေးမွေးရန်နှင့် သူ၏ သိုးများကို ထိန်းကျောင်းရန် တာဝန်ပေးအပ်ခဲ့သည်။ ဤသည်မှာ ဘုရားသခင်၏ သိုးစုတည်းဟူသော အသင်းတော်ကို ပြုစုစောင့်ရှောက်ရန်အတွက် တမန်တော်တို့၏အမှုတော်ကို ခရစ်တော်၏ ကောင်းကင်ဆိုင်ရာ အမှုတော်နှင့် ရောနှောပေါင်းစပ်ရန် ဖြစ်ပြီး၊ ၎င်းသည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းကို ဖြစ်ပေါ်စေကာ၊ ဘုရားသခင်၏ ထာဝရစီမံကိန်းကို ပြီးမြောက်ပြည့်စုံစေရန် ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံလိမ့်မည် ဖြစ်သည် - ယော၊၂၁း၁၅-၁၇။

*© 2026 Living Stream Ministry*

Message Four

## ဘုရားဆိုင်ရာမျိုးစိတ်များ၏ နယ်ပယ်အဝန်းအဖြစ်
## ဘုရားသခင်၏နိုင်ငံတော်၌အသက်ရှင်ခြင်းအားဖြင့်
## ဘုရား-လူအသက်တာကို အသက်ရှင်ခြင်း

ဖတ်ရန်ကျမ်း။ ။ မာ၊ ၁း၁၅။ ယော၊ ၃း၃၊ ၅-၆။ ၁း၁၂-၁၃။
၂ပေ၊ ၁း၄။ ၁ယော၊ ၃း၁

**I. ကျွန်ုပ်တို့သည် ဘုရားသခင်၏မွေးဖွားခြင်းခံရပြီဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ မျိုးစိတ်များ ဖြစ်ကြသည်။ ယင်းမှာ ကျွန်ုပ်တို့သည် ကိုးကွယ်ခံဦးခေါင်းအရာ၌မဟုတ်ဘဲ အသက်၌၊ သဘောသဘာဝ၌ ဘုရားဖြစ်ကြခြင်းဖြစ်သည် - ယော၊ ၃း၃၊ ၅-၈။**

**II. ဘုရား-လူများသည် ဘုရားသခင်၏မျိုးစိတ်များ၌ ပါဝင်ဆက်ဆံရန် ဘုရားဆိုင်ရာအခွင့်အရာရှိသည် - အငယ်၊ ၃၊ ၅-၆။ ၁၈း၃၆။**

**III. ခရစ်တော်၌ ယုံကြည်သူများအဖြစ် ကျွန်ုပ်တို့သည် ဘုရား-လူအသက်တာကို အသက်ရှင်ခြင်း ရှိကြသည် - မာ၊ ၁း၁၅။ ယော၊ ၁၄း၁၇ခ၊ ၂၀။ ရော၊ ၈း၉က၊ ၁၀။ ဂလ၊ ၅း၂၅။**

A. ခရစ်တော်၌ ဘုရားသခင်သည် လူအထဲသို့ စေ့စပ်ထုံးဖွဲ့ခဲ့ပြီး၊ လူသည် ဘုရားသခင်အထဲသို့ စေ့စပ်ထုံးဖွဲ့ခဲ့ပြီဖြစ်ကာ၊ ဘုရားနှင့် လူသည် တစ်ခုတည်းသောထုံးဖွဲ့မှုဖြစ်ရန် အတူတကွ ရောနှောပေါင်းစည်းခဲ့ပြီဖြစ်သည်၊ ယင်းကို ဘုရား-လူဟု ခေါ်ဆိုသည် - မ၊ ၁း၂၁၊ ၂၃။ လု၊ ၁း၃၅။ တိ၊ ၂း၁၃။ ၁တိ၊ ၂း၅။

B. ဘုရားသခင်၏သားများဖြစ်သည့် ဘုရား-လူများသည် ပထမဆုံးသော ဘုရား-လူဖြစ်သည့် ခရစ်တော်၏ ပုံတူပွားခြင်းနှင့် ဆက်လက်ဖြစ်ပွားခြင်း ဖြစ်သည် - ယော၊ ၁၂း၂၄။ ဟေဗြဲ၊ ၂း၁၀။ ရော၊ ၈း၂၉။

C. ဘုရား-လူတစ်ဦးသည် ဘုရားသခင်၏မွေးဖွားခံရပြီး၊ ဘုရားသခင်၏ အသက်နှင့် သဘောသဘာဝကို ပါဝင်ဆက်ဆံသူဖြစ်၍၊ ကိုယ်တော်၏အသက်နှင့် သဘောသဘာဝ၌ ဘုရားသခင်နှင့် တစ်လုံးတစ်ဝဖြစ်လာကာ၊ ထိုသို့ဖြင့် ကိုယ်တော်ကို ထင်ရှားခြင်း ရှိသည် - ယော၊ ၁း၁၂-၁၃။ ၃း၁၅။ ၂ပေ၊ ၁း၄။ ၁ကော၊ ၆း၁၇။

D. ဘုရား-လူသည် ဘုရားသခင်နှင့် စေ့စပ်ထုံးဖွဲ့ထားပြီး၊ ဘုရားသခင်ကို သူ၏အသက်၊ သဘောသဘာဝနှင့် အရာခပ်သိမ်းအဖြစ် ရရှိထားကြသည်။ ဘုရား-လူသည် လူဖြစ်သော်လည်း ဘုရား၊ ဘုရားဖြစ်သော်လည်း လူဖြစ်သည် - ဧ၊ ၃း၁၆-၁၇က။

E. ခရစ်တော်၏ လူသားအသက်ရှင်ခြင်းသည် လူက ဘုရားဆိုင်ရာ ဂုဏ်အင်္ဂါများဖြင့် ဖြည့်ခြင်း၊ ရောနှောခြင်းနှင့် စိမ့်ဝင်ပျံ့နှံ့ခြင်း ခံရသော လူသားကောင်းမြတ်ခြင်းများ၌ ဘုရားသခင်၏ ဂုဏ်အင်္ဂါများကို ထင်ရှားရန် ဘုရားသခင်ကို ထင်ရှားခြင်းဖြစ်သည် - လု၊ ၁း၂၆-၃၅။ ၇း၁၁-၁၇။ ၁၀း၂၅-၃၇။ ၁၉း၁-၁၀။

F. ပထမဆုံးသော ဘုရား-လူ၏ ပုံတူပွားခြင်းနှင့် ပြန်လည်ထုတ်လုပ်ခြင်းအဖြစ် ကျွန်ုပ်တို့သည် ကိုယ်တော်အသက်ရှင်ခဲ့သည့် တူညီသော အသက်တာမျိုးကို အသက်ရှင်သင့်ပါသည်။

1. သခင်ဘုရား၏ ဘုရား-လူအသက်ရှင်ခြင်းသည် ကျွန်ုပ်တို့၏ ဘုရား-လူအသက်ရှင်ခြင်းအတွက် စံနမူနာကို ချမှတ်ပေးပါသည် - ဘုရားသခင်ကို အသက်ရှင်ရန် ကားတိုင်မှာအသေခံခြင်းဖြင့် ဘုရားသခင်သည် လူသားဇာတိ၌ ထင်ရှားခြင်းရှိလာခြင်းဖြစ်သည် - ဂလ၊ ၂း၂၀။

2. သခင်ယေရှုသည် ဝိညာဉ်ရေးရာရှိခြင်း၊ သန့်ရှင်းခြင်းနှင့် အောင်မြင်ခြင်းရှိဖို့ရန် ကြိုးစားနေသော အသက်တာကို အသက်ရှင်ခြင်းမဟုတ်ပါ။ ကိုယ်တော်သည် ဘုရားသခင်၏ဓမ္မသစ်စီမံကိန်းအတိုင်း၊ ထိုစီမံကိန်းအတွက် အပြည့်အဝဖြစ်သော အသက်တာကို အသက်ရှင်ခဲ့ခြင်းဖြစ်သည်။

3. ဧဝံဂေလိကျမ်းလေးကျမ်း၌ ယေရှုသည် ဘုရား-လူအသက်တာကို အသက်ရှင်ခြင်းအား မြင်ရပြီး၊ တမန်တော်ဝတ္ထု၌ တပည့်တော်များသည်လည်း ထိုသို့သောအသက်တာကို အသက်ရှင်ခဲ့ကြောင်း ကျွန်ုပ်တို့မြင်ရသည်။

4. ခရစ်တော်သည် ဒုက္ခဆင်းရဲအသက်တာ၊ ဒုက္ခဆင်းရဲခံရသော အသက်တာကို အသက်ရှင်ခဲ့သည်။ ယခု ကျွန်ုပ်တို့သည် တူညီသော အသက်တာမျိုးကို အသက်ရှင်ကြသည့် ကိုယ်တော်၏ အဖော်များဖြစ်ကြသည်။ ကျွန်ုပ်တို့သည် ခရစ်တော်အတွက် ဒုက္ခခံရကြသောအခါ ကျွန်ုပ်တို့၏ ဒုက္ခဆင်းရဲမှုများသည် ဘုရားသခင်က ခရစ်တော်၏ ဒုက္ခဆင်းရဲမှုများအဖြစ် ရေတွက်တော်မူသည် - ဟေဗြဲ၊၃း၁၄။
5. ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို ငြင်းပယ်ရမည်၊ ခရစ်တော်၏အသေခံခြင်းသို့ သဏ္ဍာန်တူညီရမည်၊ ကိုယ်တော့်ဝိညာဉ်တော်၏ ပေါ်များကြွယ်ဝသော မစမှုအားဖြင့် ကိုယ်တော်ကို ကြီးမားထင်ရှားရမည် - မ၊၁၆း၂၄။ ဖိ၊၃း၁၀။ ၁း၁၉-၂၁က။
6. ဘုရား-လူအသက်တာကို အသက်ရှင်ခဲ့သောအရှင်သည် ယခု ကျွန်ုပ်တို့၌၊ ကျွန်ုပ်တို့မှတစ်ဆင့် အသက်ရှင်နေသော ဝိညာဉ်တော်ဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုပျိုးထောင်ခြင်းနှင့် ကျွန်ုပ်တို့၏ဇာတိလူကို တည်ဆောက်ခြင်းအား ငြင်းပယ်ရမည်ဖြစ်ပြီး၊ ဤအရှင်က ကျွန်ုပ်တို့ကို ဖြည့်ပေးခြင်းနှင့် ကျွန်ုပ်တို့ကို သိမ်းပိုက်လွှမ်းခြင်းမှအပ အခြားဘာကိုမျှ အခွင့်မပေးသင့်ပါ၊ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်ကို အသက်ရှင်၍ တစ်ဦးချင်းဆိုင်ရာ၌လည်းကောင်း၊ ကိုယ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်သည့် အသင်းတော်တွင် စုပေါင်းခြင်း၌လည်းကောင်း ကိုယ်တော်ကို ထင်ရှားနိုင်မည်ဖြစ်သည် - ဧ၊၃း၁၆-၁၉။ ၁း၂၂-၂၃။

## IV. ခရစ်တော်၌ ယုံကြည်သူများအဖြစ် ကျွန်ုပ်တို့သည် ဘုရားသခင်၏နိုင်ငံတော်၌ အသက်ရှင်နေကြသည် - ရော၊၁၄း၁၇။

A. ဘုရားသခင်၏နိုင်ငံတော်သည် ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်သည် - မာ၊၁း၁၅။ မ၊၆း၃၃။
B. ဘုရားသခင်၏နိုင်ငံတော်သည် ခရစ်တော်၌ ဘုရားသခင်က ဘုရားဆိုင်ရာအသက်၏ စုစုပေါင်းဖြစ်ခြင်းနှင့် ၎င်း၏ လုပ်ဆောင်ချက်များအားလုံးဖြစ်ခြင်းပင် ဖြစ်သည် - ယော၊၁၁း၂၅။ ၁၀း၁၀ခ။ ၁၄း၆။
C. ဘုရားသခင်၏နိုင်ငံတော်သည် ဤအသက်က ၎င်း၏အကြံအစည်ကို ပြီးမြောက်စေဖို့အလို့ငှာ ဤအသက်သည် လှုပ်ရှားခြင်း၊ လုပ်ဆောင်ခြင်း၊ အုပ်စိုးခြင်းနှင့် အစိုးရခြင်းအတွက် ဘုရားဆိုင်ရာအသက်၏ နယ်ပယ် ဖြစ်သည်။
D. ဘုရားသခင်၏နိုင်ငံတော်သည် ကိုယ်တော်၏အုပ်စိုးခြင်းအတွက် အသက်၏နယ်ပယ်အဖြစ် ဘုရားသခင့်အသက်နှင့်အတူ စေ့စပ်ထုံးဖွဲ့ထားသည့် အသက်ဆိုင်ရာထုံးဖွဲ့မှုဖြစ်ကာ၊ ယင်း၌ ကိုယ်တော်သည် အသက်တော်အားဖြင့် စိုးစံ၍၊ ဘုရားဆိုင်ရာအသက်၌ ဘုရားဆိုင်ရာသုံးပါးတစ်ပါးအဖြစ် မိမိကိုယ်တော်တိုင်ကို ထင်ရှားစေသည် - ၁၅း၁-၈၊ ၁၆၊ ၂၆။
E. ဘုရားသခင်၏နိုင်ငံတော်သည် ဘုရားဆိုင်ရာ စိုးစံခြင်းသာမက၊ ဘုရားဆိုင်ရာမျိုးစိတ်များ၏ နယ်ပယ်ဖြစ်ကာ၊ ယင်း၌ အရာအားလုံးသည် ဘုရားဆိုင်ရာအရာများ ဖြစ်ကြသည် - ၃း၃၊ ၅-၆။ ၁၈း၃၆။
   1. ယောဟန် ၃ တွင် ဘုရားသခင်၏နိုင်ငံတော်သည် ဘုရားသခင်၏ စိုးစံခြင်းထက် ဘုရားသခင်၏ မျိုးစိတ်များကို ပို၍ ညွှန်ပြပေးသည်။
   2. ဘုရားသခင်သည် လူသားမျိုးစိတ်အထဲသို့ ဝင်ရောက်ရန် လူဖြစ်လာ၍၊ လူသည် ဘုရားဆိုင်ရာမျိုးစိတ်များ၏ နယ်ပယ်အထဲသို့ ဝင်ရောက်ရန် ကိုးကွယ်ခံဦးခေါင်းအရာ၌မဟုတ်ဘဲ၊ အသက်နှင့်သဘောသဘာဝ၌ ဘုရားဖြစ်လာသည် - ၁း၁၊ ၁၂-၁၄။ ရော၊၈း၃။ ၁း၃-၄။
   3. ဘုရားဆိုင်ရာမျိုးစိတ်များ၏ နယ်ပယ်အထဲသို့ ဝင်ရောက်ရန်အလို့ငှာ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာအသက်နှင့် ဘုရားဆိုင်ရာသဘောသဘာဝ ရရှိဖို့ ဘုရားသခင်၏မွေးဖွားခြင်းခံရရန် လိုအပ်သည် - ယော၊၁း၁၂-၁၃။ ၃း၃၊ ၅-၆၊ ၁၅။ ၂ပေ၊၁း၄။
      a. ဘုရားသခင်က လူကို လူ၏အမျိုးအစားအတိုင်းမဟုတ်ဘဲ၊ ကိုယ်တော်၏ ပုံသဏ္ဍာန်တော်နှင့်၊ ကိုယ်တော်နှင့်တစ်ညီတည်းဖြစ်ခြင်းအတိုင်း ဘုရားသခင်၏အမျိုးအစား၊ ဘုရားသခင်၏မျိုးစိတ်များဖြစ်ရန် ဖန်ဆင်းခဲ့သည် - က၊၁း၂၆။
      b. အသစ်မွေးဖွားခြင်းအားဖြင့် ကိုးကွယ်ခံအရာ၌မဟုတ်ဘဲ အသက်နှင့် သဘောသဘာဝ၌ ကိုယ်တော်၏သားများဖြစ်ရန် ဘုရားသခင်၏မွေးဖွားခြင်းခံရကြသော ယုံကြည်သူများသည် အာဒံထက် ဘုရားသခင်၏အမျိုးအစား ပို၍ ဖြစ်ကြသည် - ယော၊၁း၁၂-၁၃။
         (1) အာဒံ၌ ဘုရားဆိုင်ရာအသက်၏ အတွင်းပိုင်းစစ်မှန်ခြင်း မပါရှိဘဲ၊ အပြင်ပိုင်းသွင်ပြင်မျှသာ ရှိသည်။

(2) ခရစ်တော်၌ ယုံကြည်သူများနှင့် ဘုရားသခင်၏သားများဖြစ်ကြသော ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာအသက်၏ စစ်မှန်ခြင်း ရှိကြပြီး၊ ကျွန်ုပ်တို့ဖြစ်ခြင်းတစ်ခုလုံး၌ သခင်ဘုရား၏ ပုံသဏ္ဍာန်တော်သို့ ပုံသဏ္ဍာန်ပြောင်းလဲခြင်း နှင့် သဏ္ဍာန်တူညီလာခြင်း ရှိနေကြသည် - ၂ကော၊၃း၁၈။ ရော၊၁၂း၂။ ၈း၂၉။

(3) ကျွန်ုပ်တို့၏ ဒုတိယမွေးဖွားခြင်း၊ အသစ်မွေးဖွားခြင်းသည် ကျွန်ုပ်တို့အား ဘုရားသခင်၏ မျိုးစိတ်များဖြစ်လာ စေရန် ဘုရားသခင်၏နိုင်ငံတော်အထဲသို့ ဝင်ရောက်ခြင်း ဖြစ်စေသည် - ယော၊၃း၃၊ ၅-၆။

(4) ကျွန်ုပ်တို့သည် ဘုရားသခင်၏အမျိုးအစားဖြစ်ရန် အသစ်မွေးဖွားခံခဲ့ကြရပြီဖြစ်သည်။ ဘုရားသခင်၏သားများ အဖြစ် ကျွန်ုပ်တို့သည် ဘုရားသခင်၏ အမျိုးအစား၊ ဘုရားသခင်၏မျိုးစိတ်များ ဖြစ်ကြသည် - ရော၊၈း၁၉။ ဟေဗြဲ၊၂း၁၀။

(5) ဘုရားသခင်၏သားများအားလုံးသည် ဘုရားဆိုင်ရာမျိုးစိတ်များ၏ ဘုရားဆိုင်ရာနယ်ပယ်၌ ရှိကြသည် - ယော၊ ၁း၁၂-၁၃။ ၃း၃၊ ၅။

(6) ယုံကြည်သူများသည် ဘုရားဆိုင်ရာမျိုးစိတ်များ၌၊ ယင်းမှာ ဘုရားသခင်၏နိုင်ငံတော်၌ ရှိကြသည် - ၁ယော၊ ၃း၁က။ ယော၊၃း၅။

F. ကျွန်ုပ်တို့သည် အသက်၏အာရုံခံစားမှုအားဖြင့် ဘုရားဆိုင်ရာအသက်၏ နယ်ပယ်အဖြစ် ဘုရားသခင်၏နိုင်ငံတော်၌ အသက် ရှင်ကြသည် - ရော၊၈း၆။

G. အသင်းတော်၌ ကျွန်ုပ်တို့သည် ယနေ့ ဘုရားသခင်၏နိုင်ငံတော်၌ အသက်ရှင်နေကြသည်။ ရောမ ၁၄း၁၇ မှာ ယနေ့၏ အသင်း တော်အသက်တာသည် နိုင်ငံတော်ဖြစ်ကြောင်း ခိုင်မာသည့်သက်သေပြချက် ဖြစ်သည်။

H. ကျွန်ုပ်တို့သည် ဖန်ဆင်းခြင်းအသစ်ဖြစ်သော ကျွန်ုပ်တို့၏ အစိတ်အပိုင်း - ဘုရားသခင့်နိုင်ငံတော်၏ ဒြပ်သဘာဝအဖြစ် ခရစ် တော်ကိုယ်တော် - ကို လေ့ကျင့်ကြသောအခါ၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏နိုင်ငံတော်၌ အသက်ရှင်ကြသည်။

I. အောင်မြင်သောသူများသည် ခရစ်တော်နှင့် ဘုရားသခင်၏နိုင်ငံတော်ကို အမွေခံရကြလိမ့်မည်၊ သို့မှသာ သူတို့သည် ကောင်းကင်များ၏နိုင်ငံတော် ထင်ရှားပေါ်ထွန်းခြင်းအထဲသို့ ဝင်ရောက်နိုင်ကြမည် - ၂တိ၊၄း၁၈။

## V. ယောဟန်ဧဝံဂေလိစာစောင်၌ ဘုရားဆိုင်ရာမျိုးစိတ်များ၏နယ်ပယ်တွင် ယုံကြည်သူများ၏ အသက်ရှင်ခြင်း၏ များစွာသော သွင်ပြင်များကို မြင်ရသည် - ၁း၁၆။ ၁၅း၄က၊ ၉၊ ၁၁။ ၄း၂၃-၂၄။ ၁၄း၂၊ ၂၀၊ ၂၃။ ၁၇း၂၂-၂၄။

A. "ထိုသူ၏ ပြည့်ဝပြည့်စုံခြင်းမှလည်း ကျေးဇူးတစ်ပါး၌ ထပ်ဆင့်၍ ကျေးဇူးတစ်ပါးကို ငါတို့ရှိသမျှသည် ခံရကြပြီ" - ၁း၁၆။

B. "ငါပေးသောရေသည် ထိုသူ၌ ထာဝရအသက်အထဲသို့ ထွက်သော စမ်းရေတွင်း ဖြစ်လိမ့်မည်" - ၄း၁၄ခ။

C. "ငါ့ကို စားသောသူသည် ငါ့ကြောင့် အသက်ရှင်လိမ့်မည်" - ၆း၅၇ခ။

D. "ငါ့ကို အစေခံသောသူဖြစ်လျှင်၊ ငါ့နောက်သို့ လိုက်ရမည်။ ငါရှိရာအရပ်၌လည်း ငါ၏အစေခံ ရှိလိမ့်မည်။ ငါ့ကို အစေခံသောသူ ဖြစ်လျှင် ထိုသူကို ခမည်းတော်သည် ချီးမြှင့်တော်မူလတ့်" - ၁၂း၂၆။

E. "ငါ့အဖအိမ်တော်၌ နေစရာ များစွာ ရှိ၏။ ... သင်တို့ နေစရာအရပ်ကို ပြင်ဆင်ခြင်းငှာ ငါသွားရ၏" - ၁၄း၂။

F. "ငါသည် ခမည်းတော်၌ ရှိသည်ကိုလည်းကောင်း၊ သင်တို့သည် ငါ၌ ရှိသည်ကိုလည်းကောင်း၊ ငါသည် သင်တို့၌ ရှိသည်ကို လည်းကောင်း၊ ထိုနေ့၌ သင်တို့သည် သိရကြလိမ့်မည်" - အငယ်၊၂၀။

G. "ငါ့ကိုချစ်သောသူသည် ငါ့စကားကို စောင့်ရှောက်လိမ့်မည်။ ငါ့ခမည်းတော်သည် ထိုသူကို ချစ်တော်မူ၏။ ငါတို့သည်လည်း သူ့ဆီသို့ ကြွ၍ နေရာချမည်" - အငယ်၊၂၃။

H. "ငါ၌ တည်နေကြလော့။ ငါသည်လည်း သင်တို့၌ တည်နေမည်" - ၁၅း၄က။

I. "သင်တို့သည် ငါ၌ တည်၍ ငါ့စကားသည် သင်တို့၌ တည်လျှင်၊ သင်တို့သည် တောင်းချင်သမျှကို တောင်း၍ ရကြလိမ့်မည်" - အငယ်၊၇။

J. "ခမည်းတော်သည် ငါ့ကို ချစ်တော်မူသကဲ့သို့ ငါသည် သင်တို့ကို ချစ်၏။ ငါ၏ ချစ်ခြင်းမေတ္တာ၌ တည်နေကြလော့" - အငယ်၊၉။

K. "သင်တို့၌ ငါ၀မ်းမြောက်ခြစရာအကြောင်း တည်စေခြင်းငှာလည်းကောင်း၊ သင်တို့ဝမ်းမြောက်စရာအကြောင်း စုံလင်စေခြင်း ငှာလည်းကောင်း၊ ဤစကားကို သင်တို့အား ငါဟောပြော၏"- အငယ်၊၁၁။

L. "သင်တို့သည် ငါ၌ ငြိမ်သက်ခြင်းရှိစေခြင်းငှာ ဤစကားကို ငါဟောပြောပြီ။" "ငါ၏ ငြိမ်သက်ခြင်းကို သင်တို့အား ငါပေး၏" - ၁၆း၃၃က။ ၁၄း၂၇ခ။

M. "သန့်ရှင်းတော်မူသောအဖ၊ ကိုယ်တော်နှင့် အကျွန်ုပ်သည် တစ်လုံးတစ်ဝတည်း ဖြစ်သကဲ့သို့ အကျွန်ုပ်အား ပေးတော်မူသော ဤသူတို့သည် တစ်လုံးတစ်ဝဖြစ်ရပါမည်အကြောင်း၊ သူတို့ကို ကိုယ်တော်၏နာမ၌ စောင့်ထိန်းတော်မူပါ" - ၁၇း၁၁ခ။

N. "ကိုယ်တော်သည် အကျွန်ုပ်အား ပေးတော်မူသော ဘုန်းအသရေကို အကျွန်ုပ်သည် သူတို့အား ပေးပါပြီ။ ငါတို့သည် တစ်လုံးတစ်ဝတည်းဖြစ်သကဲ့သို့၊ သူတို့သည်လည်း တစ်လုံးတစ်ဝဖြစ်မည့်အကြောင်း" - အငယ်၂၂။

O. "အကျွန်ုပ်သည် သူတို့၌ ရှိ၍၊ ကိုယ်တော်သည်လည်း၊ အကျွန်ုပ်၌ ရှိတော်မူသောအားဖြင့် သူတို့သည် တစ်လုံးတစ်ဝတည်း အထဲသို့ စုံလင်စေခြင်းငှာလည်းကောင်း" - အငယ်၂၃က။

P. "အို အဖ၊ ကိုယ်တော်သည် ... အကျွန်ုပ်အား ပေးတော်မူသော ဘုန်းတော်ကို သူတို့သည် ရှုမြင်ရမည်အကြောင်း၊ အကျွန်ုပ်ရှိရာ အရပ်၌ အကျွန်ုပ်နှင့် အတူရှိနေစေခြင်းငှာ အကျွန်ုပ်အလိုရှိပါ၏။" - အငယ်၂၄က။

© 2026 Living Stream Ministry

Message Five

## ခရစ်တော်၏ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းနှင့် အသစ်သောနိုးကြားမှုအတွက် ဘုရားသခင်၏သိုးတော်စုဖြစ်သော ကိုယ်တော်၏အသင်းတော်ကို ထိန်းကျောင်းရန် ခရစ်တော်၏ကောင်းကင်ဆိုင်ရာအမှုတော်နှင့် ပူးပေါင်းလုပ်ဆောင်သော တမန်တော်များ၏အမှုတော်

ဖတ်ရန်ကျမ်း။ ။ ယော၊၁၀း၁၁၊ ၁၆။ ၂၁း၁၅-၁၇။ ၁ပေ၊၂း၂၅။ ၅း၄။ ဟေဗြဲ၊၁၃း၂၀။ ဗျာ၊၁း၁၃။ ၂း၁၊ ၇

**I. ဆာလံ ၂၂ မှ ၂၄ အထိသည် ခရစ်တော်ကို ကိုယ်တော်၏ကားတိုင်ပေါ် အသေခံခြင်းမှ ကိုယ်တော်၏ ထိန်းကျောင်းခြင်းမှတစ်ဆင့် လာမည့်ခေတ် ကိုယ်တော်၏ရှင်ဘုရင်အရာအထိ ဖွင့်ပြထားသည့် ဆာလံအုပ်စုတစ်စုဖြစ်သည်။**

A. ဆာလံ ၂၃ သည် ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွကခြင်း၌ ရှိသော သိုးထိန်း ခရစ်တော်နှင့် စပ်လျဉ်းသည်။ ၎င်းသည် ဆာလံ ၂၂ ရှိ ခရစ်တော်၏ ရွေးနုတ်သောအသေခံခြင်းနှင့် အသင်းတော်ကို ထုတ်လုပ်သော ရှင်ပြန်ထမြောက်ခြင်းနှင့် ဆာလံ ၂၄ ရှိ ခရစ်တော်၏ကိုယ်ခန္ဓာတော်တည်းဟူသော အသင်းတော်မှတစ်ဆင့် မြေကြီးတစ်ပြင်လုံးကို ပြန်လည်ရယူတော်မူမည့် ရှင်ဘုရင်အဖြစ် ကိုယ်တော်၏ပြန်လည်ကြွလာခြင်းတို့အကြား ဆက်သွယ်ပေးထားသောတံတား ဖြစ်သည်။

B. ခရစ်တော်သည် ကိုယ်တော်၏ကောင်းကင်ဆိုင်ရာအမှုတော်၌ လူများကို ထိန်းကျောင်းလျက်ရှိရာ၊ ကျွန်ုပ်တို့သည်လည်း လူများကို ထိန်းကျောင်းခြင်းအားဖြင့် ကိုယ်တော်နှင့် ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်သည်။ ဤမိတ်သဟာယဖွဲ့ခြင်းကို ကျွန်ုပ်တို့ လက်ခံရရှိပါက၊ သခင်ဘုရား ပြန်လည်ကြွလာစေရန် မြေကြီးပေါ်တွင် ကြီးမားသော နိုးကြားမှု ဖြစ်ပေါ်လာမည်ဖြစ်သည်။

**II. ယောဟန်၂၁ တွင် ခရစ်တော်၏ကောင်းကင်ဆိုင်ရာအမှုတော်နှင့် ပူးပေါင်းလုပ်ဆောင်သော တမန်တော်များ၏အမှုတော်ကို ဖွင့်ပြထားသည်။ ၎င်းသည် ယောဟန်ဧဝံဂေလိကျမ်း၏ပြည့်စုံခြင်းနှင့် ပြီးမြောက်ပြည့်စုံခြင်း ဖြစ်သည်။**

A. ယောဟန်ဧဝံဂေလိကျမ်းတွင် အခန်းကြီး နှစ်ဆယ့်တစ်ခန်း ရှိသော်လည်း၊ ၎င်းသည် အမှန်စင်စစ် အခန်းကြီး ၂၀ တွင် အဆုံးသတ်ထားသည်။

B. ကျမ်းစာစောင်တစ်ခုလုံးသည် ခရစ်တော်၏မြေကြီးပိုင်းဆိုင်ရာအမှုတော်ကို ဖော်ပြထားပြီး၊ ဘုရားသခင်၏နှုတ်ကပတ်တော်သည် လူ့ဇာတိခံယူ၍ အသွေးအသား၌ရှိသော လူတစ်ဦး ဖြစ်လာခြင်းမှစတင်ကာ (၁း၄)၊ နောက်ဆုံးသောအာဒံအဖြစ် ရှင်ပြန်ထမြောက်ပြီး အသက်ပေးသောဝိညာဉ်တော် ဖြစ်လာခြင်းနှင့် အဆုံးသတ်ထားသည် (၂၀း၂၂)။ ထို့ကြောင့် အခန်းကြီး ၂၁ သည် နောက်ဆက်တွဲတစ်ခုသာ ဖြစ်သင့်သည်။

C. ထိုသို့ပြောခြင်းသည် မှန်ကန်သော်လည်း၊ ပို၍နက်ရှိုင်းစွာ ပြောရလျှင် ယောဟန် ၂၁ သည် ယောဟန်ဧဝံဂေလိကျမ်း၏ ပြည့်စုံခြင်းနှင့် ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည်။ ၎င်းသည် ခရစ်တော်၏ကောင်းကင်ဆိုင်ရာအမှုတော်နှင့် တမန်တော်များ၏ အမှုတော်သည် ဘုရားသခင်၏စီမံကိန်းကို သယ်ဆောင်ရန် မြေကြီးပေါ်တွင် အတူတကွ ပူးပေါင်းလုပ်ဆောင်နေကြောင်းကို ပြသခြင်းဖြင့် ယောဟန်ဧဝံဂေလိကျမ်းတစ်ခုလုံးကို အဆုံးသတ်ထားသည်။

**III. ယောဟန် ၁၀း၁၀-၁၁ နှင့် ၁၆ တွင် သခင်ဘုရားက သိုးတို့သည် အသက်ကို ကြွယ်ဝပြည့်စုံစွာ ရရှိနိုင်စေခြင်းငှာ ကိုယ်တော်သည် ကောင်းသောသိုးထိန်းအဖြစ် ကြွလာတော်မူခဲ့ကြောင်း၊ ကိုယ်တော်၌ အခြားသောသိုးများ (တစ်ပါးအမျိုးသားများ) လည်း ရှိကြောင်း၊ ထိုသိုးများကို ဆောင်ခဲ့၍ (ဂျူးယုံကြည်သူများနှင့်) ပေါင်းစည်းဆက်နွယ်စေပြီး သိုးထိန်းတစ်ပါးအောက်တွင် သိုးစုတစ်စုတည်း(အသင်းတော်တစ်ပါးတည်း) ဖြစ်လာစေမည်ဖြစ်ကြောင်း တပည့်တော်တို့ကို ဖွင့်ပြထားသည်။**

A. သခင်ဘုရား၏ထိန်းကျောင်းခြင်းသည် ပထမဦးစွာ ကိုယ်တော်၏မြေကြီးပိုင်းဆိုင်ရာအမှုတော်၌ ဖြစ်သည် - မ၊၉း၃၆။ ညွှန်း၊ ၁၀း၁-၆။

B. သခင်ဘုရား၏ထိန်းကျောင်းခြင်းသည် ဒုတိယအနေဖြင့် ကိုယ်တော်၏ကောင်းကင်ဆိုင်ရာအမှုတော်၌ ဖြစ်ပြီး (၁ပေ၊၅း၄)၊ ကိုယ်တော်၏ကိုယ်ခန္ဓာတော်ကို ထွက်ပေါ်စေခြင်းငှာ ဘုရားသခင်၏အသင်းတော်ကို ကြည့်ရှုဂရုစိုက်ရန် ဖြစ်သည်။

**IV. သခင်ဘုရားသည် ပေတရုအား ကိုယ်တော်၏သိုးသငယ်များကို ကျွေးမွေးရန်နှင့် ကိုယ်တော်၏သိုးများကို ထိန်းကျောင်းရန် အပ်နှင်းစေခိုင်းခဲ့သည်။**

A. သခင်ဘုရားသည် ရှင်ပြန်ထမြောက်ပြီးနောက် မတက်ကြွမီ တပည့်တော်များနှင့်အတူ ရှိခဲ့စဉ်က သူ့ကိုယ်သူ ထင်ရှားပြသခဲ့သော အကြိမ်များအနက် တစ်ကြိမ်တွင် ပေတရုအား အပ်နှင်းစေခိုင်းခြင်းပြုခဲ့သည်။ ယင်းမှာ ကောင်းကင်များ၌ ကိုယ်တော်ရှိနေစဉ်၊ ကိုယ်တော် မရှိခိုက်တွင် ကိုယ်တော်၏သိုးသငယ်များကို ကျွေးမွေးရန်နှင့် ကိုယ်တော်၏သိုးများကို ထိန်းကျောင်းရန်ဖြစ်သည် - ယော၂၁း၁၅-၁၇။

B. ဤသည်မှာ ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို ထွက်ပေါ်စေသော အသင်းတော်တည်းဟူသော ဘုရားသခင်၏သိုးတော်စုကို ကြည့်ရှုဂရုစိုက်ရန် ခရစ်တော်၏ကောင်းကင်ဆိုင်ရာအမှုတော်နှင့် တမန်တော်များ၏အမှုတော် ပေါင်းစည်းခြင်းဖြစ်သည်။

C. နောက်ပိုင်းတွင် တမန်တော်ဝတ္ထု၌ ပေတရုက "ငါတို့မူကား ဆုတောင်းခြင်းနှင့် နှုတ်ကပတ်တော်၏အမှုတော်၌ အမြဲပြု၍နေမည်"ဟု ဆိုခဲ့သည် (၆း၄)။ ဤသည်မှာ ခရစ်တော်၏ကောင်းကင်ဆိုင်ရာ ကြားခံတောင်းလျှောက်ခြင်း (ဟေဗြဲ၇း၂၅) နှင့် ဘုရားသခင်ကို ကိုယ်တော်၏လူများအထဲသို့ အမှုဆောင်ဖြန့်ဖြူးပေးခြင်း အမှုတော်နှင့် ပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်သည် (၈း၂)။

D. ပေတရုသည် သခင်ဘုရား၏ဤအပ်နှင်းစေခိုင်းခြင်းကို လွန်စွာ စွဲမှတ်ခြင်းရှိခဲ့သောကြောင့် သူ၏ပထမစာစောင်တွင် ယုံကြည်သူတို့အား သူတို့သည် အထက်က လမ်းလွဲ၍ ပျောက်သောသိုးများဖြစ်ကြသော်လည်း၊ ယခုမူကား သိုးထိန်းတည်းဟူသော သင်တို့၏စိတ်များကို ကြည့်ရှုစောင့်ထိန်းတော်မူသောသူထံသို့ ပြန်ရောက်ကြပြီဟု ပြောဆိုထားသည် - ၁ပေ၊၂း၂၅။

1. ခရစ်တော်သည် ကျွန်ုပ်တို့၏အသက်နှင့် အရာအားလုံးဖြစ်ရန် ကျွန်ုပ်တို့အတွင်း၌ ကိန်းဝပ်နေသည်သာမက၊ ကိုယ်တော်သည် ကျွန်ုပ်တို့အတွင်းဖြစ်ခြင်း၏အနေအထားနှင့် အခြေအနေကို စောင့်ကြည့်နေကာ၊ ကြည့်ရှုစောင့်ထိန်းပေးနေ သည်။
2. ကိုယ်တော်သည် ကျွန်ုပ်တို့အတွင်းဖြစ်ခြင်း၏ကောင်းကျိုးကို ဂရုစိုက်ပေးခြင်းနှင့် ကျွန်ုပ်တို့၏စစ်မှန်သောပုဂ္ဂိုလ် ဖြစ်သော စိတ်၏အခြေအနေကို ကြည့်ရှုစောင့်ထိန်းပေးခြင်းဖြင့် ကျွန်ုပ်တို့ကို ထိန်းကျောင်းနေသည်- ညွှန်း၊ ဟေဗြဲ ၁၃း၁၇။

E. ပေတရုသည် အသက်ကြီးသူတို့အား သူတို့နှင့်အတူရှိသော ဘုရားသခင်၏သိုးတော်စုကို ထိန်းကျောင်းရန် တိုက်တွန်းခဲ့သည်၊ သို့မှသာ သိုးထိန်းကြီး ပေါ်ထွန်းတော်မူသောအခါ၊ သစ္စာရှိသော အသက်ကြီးသူများသည် မညှိုးမနွမ်းတတ်သော ဘုန်းသရဖူ ကို ခံရကြမည်ဖြစ်သည်-၁ပေ၊၅း၁-၄။

F. ပေတရု၏စကားက ခရစ်တော်၏ကောင်းကင်ဆိုင်ရာအမှုတော်သည် အဓိကအားဖြင့် ကိုယ်တော်၏ကိုယ်ခန္ဓာတော်ကို ထွက်ပေါ်စေသည့် ဘုရားသခင်၏အသင်းတော်ကို ကိုယ်တော်၏သိုးတော်စုအဖြစ် ထိန်းကျောင်းခြင်းဖြစ်ကြောင်း ညွှန်ပြသည်။

**V. တမန်တော်ပေါလု၏ အောက်ပါစကားများကလည်း ဘုရားသခင်၏သိုးတော်စုကို ဂရုစိုက်ရန် တမန်တော်များ၏ အမှုတော်နှင့် ခရစ်တော်၏ကောင်းကင်ဆိုင်ရာအမှုတော်တို့ ပေါင်းစည်းနေခြင်းကို ပြသနေသည်။**

A. တ၊၂၀း၂၈ ၌ ပေါလုက ဧဖက်မြို့၌ ရှိသော အသက်ကြီးသူတို့အား "ထို့ကြောင့် သင်တို့သည် ကိုယ်ကို သတိနှင့်ကြည့်ရှုကြလော့။ ဘုရားသခင်သည် မိမိအသွေးဖြင့် ရယူထားသော (သို့မဟုတ် ရွေးဝယ်ထားသော) ဘုရားသခင်၏အသင်းတော်ကို ထိန်းကျောင်းစေခြင်းငှာ သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့ကို ကြည့်ရှုစောင့်ထိန်းသူများအဖြစ် ခန့်ထားတော်မူ၍၊ သိုးတစ်စုလုံးကိုလည်း သတိနှင့် ကြည့်ရှုကြလော့" ဟု ပြောဆိုထားသည်။

B. ပေါလုက "ငါမရှိသည့်နောက် ကြမ်းတမ်းသောဝံပုလွေတို့သည် သိုးများကို မသနားဘဲ၊ သင်တို့အထဲသို့ ဝင်မည်ကို ငါသိ၏" ဟု ပြောဆိုခဲ့သည် (အငယ်၊၂၉)။ တမန်တော်သည် ကိုယ်အသက်ကို ဂရုမစိုက်ခဲ့သော်လည်း (အငယ်၊၂၄)၊ သူနှင့် ဘုရားသခင်အတွက် ဖိုးထိုက်ဘဏ္ဍာဖြစ်သော အသင်းတော်၏ အနာဂတ်အတွက် အလွန် စိုးရိမ်ပူပန်ခဲ့သည်။

C. ပေါလုက ဟေဗြဲ၊၁၃း၂၀ တွင် "ထာဝရပဋိညာဉ်တရား၏အသွေးတော်အားဖြင့် သိုးများကို ထိန်းသောသိုးထိန်းကြီးဖြစ်သော ငါတို့ သခင်ယေရှုကို သေခြင်းမှ နုတ်ဆောင်တော်မူသော. . . . ဘုရားသခင်သည်"ဟု ပြောဆိုထားသည်။

1. ထာဝရပဋိညာဉ်တရားသည် ကိုယ်ခန္ဓာတော်ကို ထွက်ပေါ်စေပြီး၊ ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေမည့် အသင်းတော်တည်းဟူသော သိုးတော်စုကို ရရှိရန် ဓမ္မသစ်၏ ပဋိညာဉ်တရား ဖြစ်သည်။ ဘုရားသခင်၏ ထာဝရ ပဋိညာဉ်တရားသည် ထိန်းကျောင်းခြင်းအားဖြင့် ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေရန်ဖြစ်သည်။

2. ဘုရားသခင်သည် သူ၏ ထာဝရပဋိညာဉ်တရားအတိုင်း ယေရှုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေရန်အတွက် ကျွန်ုပ်တို့၏ သခင်ကို သိုးထိန်းကြီးအဖြစ် သေခြင်းမှ ထမြောက်စေခဲ့သည်။

**VI. ခရစ်တော်၏ကောင်းကင်ဆိုင်ရာအမှုတော်နှင့် ပေါင်းစည်းထားသည့် တမန်တော်များ၏အမှုတော်၏ အဓိက ရည်ရွယ်ချက်နှင့် ပန်းတိုင်မှာ ဘုရားသခင်၏ထာဝရစီမံကိန်း ပြီးမြောက်ခြင်းအတွက် ယေရှုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေမည့် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ရန်ဖြစ်သည် - ညွှန်း၊ ဧ၊၃း၂၊၈-၉။ ၁ပေ၊ ၅း၁၀။**

**VII. ဘုရားသခင်၏ထာဝရစီမံကိန်း၏ အဓိက ရည်ရွယ်ချက်နှင့် အဆုံးစွန်သောပြီးမြောက်ပြည့်စုံခြင်းအတွက် ဘုရားသခင်၏သိုးတော်စုကို ထိန်းကျောင်းခြင်း အကြောင်းအရာကို သီချင်းတကာ သီချင်းတွင်ပင် ဖော်ပြထားသည်။**

A. "ကျွန်မစိတ်ချစ်ရာအရှင်၊ ကိုယ်တော်၏သိုးစုကို အဘယ်မှာ ထိန်းတော်မူသည်ကိုလည်းကောင်း(ကျေနပ်နှစ်သိမ့်ခြင်းအတွက်)၊ /မွန်းတည့်အချိန်၌ အဘယ်မှာ လဲလျောင်းစေတော်မူသည်ကိုလည်းကောင်း ပြောတော်မူပါ (နားနေခြင်း အတွက်)"- ၁း၇က။

B. "သိုးစု၏ခြေရာများနောက်သို့ လိုက်သွား၍၊ /သင်၏ဆိတ်သငယ်တို့ကို သိုးထိန်းတို့၏တဲများအနားမှာ ကျွေးမွေးပါလော့" - အငယ်၊၈ခ။

C. "ကျွန်မချစ်ရာအရှင်ကို ကျွန်မပိုင်ပေ၏။ ကျွန်မကိုလည်း အရှင်ပိုင်ပေ၏။/ကိုယ်တော်သည် သူ၏သိုးစုကို တောနှင်းပင်များအလယ်၌ ကျက်စားစေတော်မူ၏ (ခရစ်တော်ကို ရှာဖွေသောသူများသည် တစ်ခုတည်းသောစိတ်နှလုံးဖြင့် ဘုရားသခင်၌ ယုံကြည်ကိုးစားသောအသက်တာကို အသက်ရှင်ကြသည်)" -၂း၁၆။

D. "ကျွန်မကို ကျွန်မချစ်ရာအရှင် ပိုင်တော်မူ၏။ ကျွန်မချစ်ရာအရှင်ကို ကျွန်မပိုင်ပေ၏။ /ကိုယ်တော်သည် သူ၏သိုးစုကို တောနှင်းပင်များအလယ်၌ ကျက်စားစေတော်မူ၏" - ၆း၃။

**VIII. ယုံကြည်သူများကို ထိန်းကျောင်းခြင်းသည် အသက်၌ သူတို့၏ ကြီးထွားခြင်းအတွက် အလွန်အရေးကြီးသည်။ ကျွန်ုပ်တို့သည် ဧဝံဂေလိတရားဟောပြောရန်နှင့် အသင်းတော်ကို နိုးကြားစေရန် ထိန်းကျောင်းခြင်းနည်းလမ်းကို ယူဆောင်ကြရမည်။**

A. ကျွန်ုပ်တို့သည် "သခင်ဘုရား၊ ကျွန်ုပ်သည် နိုးကြားခြင်းရှိလိုပါသည်။ ယနေ့မှစ၍ ကျွန်ုပ်သည် ထိန်းကျောင်းသူတစ်ဦး ဖြစ်လိုပါသည်။ ကျွန်ုပ်သည် လူများကို ကျွေးမွေးရန်၊ လူများကို ထိန်းကျောင်းရန်နှင့် လူများကို သိုးစုထဲသို့ စုစည်းရန် သွားလိုပါသည်" ဟု ဆုတောင်းသင့်သည်။

B. ယောဟန် ၁၀ နှင့် ၂၁ တို့၌ သခင်ဘုရားသည် ထိန်းကျောင်းခြင်းနှင့် စပ်လျဉ်းပြီး ဤစကားလုံးများကို အသုံးပြုခဲ့သည်- ကျွေးမွေးခြင်း၊ ထိန်းကျောင်းခြင်းနှင့် သိုးစု (၁၀း၁၆။ ၂၁း၁၅-၁၆)။ ကျွန်ုပ်တို့သည်လည်း သိုးစု ဟူသောစကားလုံးကို ကြိယာအဖြစ် အသုံးပြုနိုင်သည်။

C. အသင်းတော်များအားလုံးသည် သိုးစုထဲသို့ မည်သို့ စုစည်းစေရမည်ကို သင်ယူကြရမည်၊ သို့မှသာ သူတို့သည် အတူတကွ ပေါင်းစည်းခြင်း ရှိနိုင်ကြမည်ဖြစ်သည်။ အသက်ကြီးသူများနှင့် လုပ်ဖော်ဆောင်ဖက်များသည် ဤအရာကို လက်တွေ့ လုပ်ဆောင်ရန် ဦးဆောင်မှု ပြုသင့်ပါသည်။

**IX. ရွှေမီးခုံတိုင်ကို အသက်ဆိုင်ရာပြုပြင်ထိန်းသိမ်းမှုမှာ ကိုယ်တော်၏အသက်ဆိုင်ရာထိန်းကျောင်းခြင်းမှတစ်ဆင့် အောင်မြင်သူများ ထွက်ပေါ်လာစေရန် အသင်းတော်များကို ကိုယ်တော်၏လူသားဇာတိ၌ ပြုစုယုယခြင်းနှင့် ကိုယ်တော်၏ဘုရားဇာတိ၌ ကျွေးမွေးခြင်းပြုနေသည့် ခရစ်တော်၏ကောင်းကင်ဆိုင်ရာအမှုတော် ဖြစ်သည် - ဗျာ၊၁း၁၃။ ၂း၇။ ယော၊၁၀း၁၁၊၁၄။ ၁ပေ၊၂း၂၅။ ၅း၄။ ဟေဗြဲ၊၁၃း၂၀။**

A. လူသားတော်သည် ကိုယ်တော်၏လူသားဇာတိ၌ ရှိပြီး၊ ရွှေခါးပန်းသည် ကိုယ်တော်၏ဘုရားဇာတိကို ပုံဆောင်ကာ၊ ရင်တော်သည် မေတ္တာ၏အမှတ်လက္ခဏာ ဖြစ်သည်။

1. ခရစ်တော်သည် အသင်းတော်များကို ထွက်ပေါ်စေရန် ဘုရားဆိုင်ရာအလုပ်အတွက် ခွန်အားသန်စွမ်းစေရန် ခါး၌ ခါးပန်းစည်းခဲ့သော်လည်း (ထွ၊၂၈း၄။ ဒံ၊၁၀း၅)၊ ယခု ကိုယ်တော်သည် သူ၏မေတ္တာတော်အားဖြင့် ထွက်ပေါ်စေခဲ့သော အသင်းတော်များကို ဂရုစိုက်ခြင်းအတွက် ရင်တော်၌ ခါးပန်းစည်းလျက်ရှိသည်(ဗျာ၊၁း၁၃)။
2. ရွှေခါးပန်းသည် ဘုရားဆိုင်ရာစွမ်းအားအဖြစ် ခရစ်တော်၏ဘုရားဇာတိကို ပုံဆောင်ပြီး၊ ရင်တော်မှာ အသင်းတော်များ ကို ကျွေးမွေးရန် ဤဘုရားဆိုင်ရာ စွမ်းအားကို ကိုယ်တော်၏မေတ္တာတော်ဖြင့် လှုံ့ဆော်၊ အသုံးချခြင်းကို ပုံဆောင်သည်။

B. ခရစ်တော်သည် အသင်းတော်များကို ပြုစုယုယရန် လူသားတော်အဖြစ် ကိုယ်တော်၏လူသားဇာတိ၌ အသင်းတော်များကို ကြည့်ရှုဂရုစိုက်နေသည်- အငယ်၊၁၃က။
1. ကိုယ်တော်သည် မီးခုံတိုင်၏မီးခွက်များကို သင့်လျော်မှန်ကန်မှုရှိရန် ပြင်ဆင်ပေးကာ၊ ကျွန်ုပ်တို့ ပျော်ရွှင်၊ နှစ်သက်ပြီး သက်သာမှုရှိစေရန် ပြုစုယုယပေးနေသည်-ထွ၊၃၀း၇။ ညွှန်း၊ ဆာ၊၄၂း၅၊၁၁။
   a. သခင်ဘုရား၏မျက်မှောက်တော်သည် ကျွန်ုပ်တို့ကို နားခိုခြင်း၊ သက်သာခြင်း၊ အနာငြိမ်းခြင်း၊ သန့်စင်ခြင်းနှင့် ခွန်အား ကို ပေးခြင်းဖြင့် ကျွန်ုပ်တို့ဖြစ်ခြင်းကို ပြုစုယုယရန် နူးညံ့သိမ်မွေ့ခြင်းနှင့် နွေးထွေးခြင်းရှိသော ပတ်ဝန်းကျင်ကို ထောက်မပေးသည်။
   b. ကျွန်ုပ်တို့သည် အသက်၏ကျွေးမွေးမစခြင်းကို လက်ခံရရှိရန် အသင်းတော်၌ သခင်ဘုရားမျက်မှောက်တော်၏ ပြုစုယုယပေးနေသောပတ်ဝန်းကျင်ကို မွေ့လျော်ဝမ်းမြောက်နိုင်သည် - ဧ၊၅း၂၉။ ညွှန်း၊ ၁တိ၊၄း၆။ ဧ၊၄း၁၁။
2. ကိုယ်တော်သည် မီးခုံတိုင်၏မီးခွက်များမှ မီးစာများကို ညှိပေးပြီး၊ ကျွန်ုပ်တို့၏ထွန်းလင်းခြင်းကို အဟန့်အတားဖြစ်စေ သည့် အနုတ်လက္ခဏာအရာများအားလုံးကို ဖြတ်တောက်ပေးသည် - ထွ၊၂၅း၃၈။
   a. မီးစာ၏လောင်ကျွမ်းသွားသောအပိုင်း၊ ငြိမ်းသွားသောအပိုင်းသည် ဘုရားသခင်၏အကြံအစည်တော်အတိုင်း မဟုတ် သည့် အရာများ၊ ကျွန်ုပ်တို့၏အသွေးအသား၊ ဇာတိလူ၊ အတ္တနှင့် ဖန်ဆင်းခြင်းအဟောင်းကဲ့သို့သော ဖြတ်တောက်ရန် လိုအပ်သည့် အရာများကို ပုံဆောင်သည်။
   b. ကိုယ်တော်သည် အသင်းတော်များအကြားရှိ ကွဲပြားခြားနားခြင်းများအားလုံး (အမှားပြုခြင်းများ၊ လိုအပ်ချက်များ၊ ကျရှုံးမှုများနှင့် ချွတ်ယွင်းချက်များ)ကို ကိုက်ညှိဖယ်ရှားပေးသည်၊ သို့မှသာ အသင်းတော်များသည် အနှစ်သာရ၊ ပုံပန်းသွင်ပြင်နှင့် ထင်ရှားခြင်းတို့တွင် တူညီလာနိုင်မည်ဖြစ်သည် - ညွှန်း၊ ၁ကော၊၁း၁၀။ ၂ကော၊၁၂း၁၈။ ဖိ၊၂း၂။

C. ခရစ်တော်သည် အသင်းတော်များကို ကျွေးမွေးရန် ရင်တော်၌ စည်းထားသော ရွှေခါးပန်းအားဖြင့် ပုံဆောင်သည့် ကိုယ်တော် ၏ဘုရားဆိုင်ရာမေတ္တာတော်နှင့် ကိုယ်တော်၏ဘုရားဇာတိ၌ အသင်းတော်များကို ကြည့်ရှုဂရုစိုက်ပေးနေသည်-ဗျာ၊၁း၁၃ခ။
1. ကိုယ်တော်သည် သူ၏ပြည့်စုံသောအမှုတော် အဆင့်သုံးဆင့်၌ အရာအားလုံးပါဝင်သောခရစ်တော်တည်းဟူသော သူကိုယ် တော်တိုင်ဖြင့် ကျွန်ုပ်တို့ကို ကျွေးမွေးနေသည်။ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်၏ထာဝရစီမံကိန်းကို ပြီးမြောက်ပြည့် စုံစေခြင်းငှာ ကိုယ်တော်၏အောင်မြင်သူများ ဖြစ်လာရန် ဘုရားအသက်၌ ကြီးထွား၊ ရင့်ကျက်လာနိုင်မည် ဖြစ်သည်။
2. လှည့်လည်သွားလာနေသောခရစ်တော်အနေဖြင့် ကိုယ်တော်သည် အသင်းတော်တစ်ပါးချင်းစီ၏အခြေအနေကို သိကျွမ်း တော်မူပြီး၊ စကားပြောသောဝိညာဉ်တော်အနေဖြင့် ကိုယ်တော်သည် မီးခုံတိုင်များကို ကိုက်ညှိပေးကာ၊ ဝိညာဉ်တော်၏မစ မှု ဖြစ်သည့် ဆီအသစ်ဖြင့် ဖြည့်ပေးနေသည်-၂း၁၈။ ညွှန်း၊ထွ၊၂၇း၂၀-၂၁။ ဇာ၊၄း၆၊၁၁-၁၄။
3. ကိုယ်တော်၏လှုပ်ရှားလုပ်ဆောင်မှု၌ ပါဝင်ဆက်ဆံရန်နှင့် ကိုယ်တော်၏ဂရုစိုက်မှုကို မွေ့လျော်ဝမ်းမြောက်ရန် ကျွန်ုပ် တို့သည် အသင်းတော်များ၌ ရှိကြရမည်။

**X. ခရစ်တော်၏အံ့ဩဖွယ်ထိန်းကျောင်းခြင်းမှုတစ်ဆင့် ကျွန်ုပ်တို့သည် ယနေ့နှင့် ထာဝရကာလ နှစ်ခုလုံးတွင် ကျွန်ုပ်တို့၏ကောင်းချီး မင်္ဂလာများအဖြစ် ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်ကြရမည်ဖြစ်သည် - ဟေရှာ၊၄၉း၁၀။ ဗျာ၊၇း ၉-၁၇။ ယော၊၆း၃၅။ ၄း၁၃- ၁၄။ ဆာ၊၃၆း၇-၉။ ၉၁း၁။ ဟေရှာ၊၁၂း၁-၆။ ဗျာ၊၂၂း၁။**

*© 2026 Living Stream Ministry*

Message Six

## ဘုရားသခင်အတိုင်း ထိန်းကျောင်းခြင်း

ဖတ်ရန်ကျမ်း။   ။ ယော၂၁း၁၅-၁၇။ တ၂၀း၂၈။ ၁ပေ၅း၂၊ ၄။ ဧ၄း၁၆

**I. ယနေ့ သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ ထိန်းကျောင်းခြင်းကို အရေးတကြီး လိုအပ်လျက်ရှိနေသည်။**

**II. ထိန်းကျောင်းခြင်းမှာ သိုးတော်စုကို အရာအားလုံးပါဝင်သော၊ နူးညံ့သော ဂရုစိုက်ခြင်းဖြစ်သည် - ယော၂၁း၁၅-၁၇။ တ၂၀း၂၈။**

A. ထိန်းကျောင်းခြင်းသည် သိုးစု၏လိုအပ်မှုအားလုံးကို ဂရုစိုက်ပေးခြင်းအား ရည်ညွှန်းသည်။

B. သိုးများအားလုံးသည် ကောင်းစွာ မစမှုခံရခြင်းနှင့် ကောင်းစွာ ဂရုစိုက်ပေးခြင်းကို လိုအပ်သည်။

**III. ခရစ်တော်သည် ကောင်းသောသိုးထိန်း၊ ကြီးမြတ်သောသိုးထိန်း၊ သိုးထိန်းအကြီးအကဲနှင့် ကျွန်ုပ်တို့စိတ်များ၏ သိုးထိန်းဖြစ်တော်မူသည် - ယော၁၀း၉-၁၇။ ဟေဗြဲ၁၃း၂၀-၂၁။ ၁ပေ၅း၄။ ၂း၂၅။**

A. ကောင်းသောသိုးထိန်းအဖြစ် သခင်ယေရှုသည် ကျွန်ုပ်တို့ အသက်ကို ရရှိ၍၊ အသက်ကို ပေါများကြွယ်ဝစွာ ရရှိစေမည့် အကြောင်း ကြွလာခဲ့သည် - ယော၁၀း၁၀-၁၁။

1. ကိုယ်တော်သည် သိုးများအတွက် ရွေးနုတ်ခြင်းကို ပြီးမြောက်စေခြင်းငှာ ကိုယ်တော်၏စိတ်အသက်၊ သူ၏လူသားအသက်ကို ချထားပေးသည်၊ သို့မှသာ သူတို့သည် ကိုယ်တော်၏ ဇိုးအီအသက်၊ ကိုယ်တော်၏ဘုရားဆိုင်ရာအသက်၌ မျှဝေခံစားနိုင်မည်ဖြစ်သည် - အငယ်၊၁၁၊ ၁၅၊ ၁၇။

2. ကိုယ်တော်သည် သူ၏သိုးများကို သိုးခြံထဲမှ စားကျက်မြေ၊ အစာကျွေးမွေးရာနေရာအဖြစ် မိမိကိုယ်တော်တိုင်အထဲသို့ ဦးဆောင်ခေါ်ထုတ်တော်မူပြီး၊ ထိုနေရာ၌ သူတို့သည် ကိုယ်တော်ကို လွတ်လပ်စွာ စားသုံး၍ ကိုယ်တော်အားဖြင့် ကျွေးမွေးခံရကြသည် - အငယ်၊၉။

3. သခင်ဘုရားသည် ဂျူးလူမျိုးနှင့် တစ်ပါးအမျိုးသား ယုံကြည်သူများကို ကိုယ်တော်၏ထိန်းကျောင်းမှုအောက်မှာ သိုးစုတစ်စုတည်း (အသင်းတော်၊ ခရစ်တော်၏ကိုယ်ခန္ဓာတော်) အဖြစ်သို့ ဖြစ်စေတော်မူသည် - အငယ်၊၁၆။

B. ဘုရားသခင်သည် "ထာဝရ ပဋိညာဉ်တရား၏ အသွေးတော်အားဖြင့်၊ သိုးများကို ထိန်းသော သိုးထိန်းကြီးဖြစ်သော ငါတို့သခင်ယေရှုကို သေခြင်းမှ နုတ်ဆောင်တော်မူသည်" - ဟေဗြဲ၁၃း၂၀။

1. ထာဝရပဋိညာဉ်သည် ထိန်းကျောင်းခြင်းအားဖြင့် ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေရန်ဖြစ်သည်။

2. ထာဝရပဋိညာဉ်သည် သိုးစုကို ရရှိရန် ဓမ္မသစ်၏ ပဋိညာဉ်ဖြစ်ပြီး၊ ယင်းမှာ ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို ထွက်ပေါ်စေသော၊ ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံသော အသင်းတော်ဖြစ်သည်။

C. သိုးထိန်းအကြီးအကဲအဖြစ် ခရစ်တော်သည် ကိုယ်တော်၏သိုးစုကို အသင်းတော်များ၏ အသက်ကြီးသူများမှတစ်ဆင့် ထိန်းကျောင်းနေသည် - ၁ပေ၅း၄။

1. အသက်ကြီးသူများ၏ ထိန်းကျောင်းခြင်းမရှိဘဲ အသင်းတော်သည် တည်ဆောက်ခံရခြင်း မရှိနိုင်ပါ။

2. အသက်ကြီးသူများ၏ ထိန်းကျောင်းခြင်းသည် သူတို့မှတစ်ဆင့် ခရစ်တော်၏ ထိန်းကျောင်းခြင်း ဖြစ်သင့်သည်။

D. ကျွန်ုပ်တို့စိတ်များ၏ သိုးထိန်းအဖြစ် နျူမက်တစ်ခရစ်တော်သည် ကျွန်ုပ်တို့၏ အတွင်းပိုင်းအခြေအနေကို ကြည့်ရှုစောင့်ထိန်းပေးကာ၊ ကျွန်ုပ်တို့အတွင်းဖြစ်ခြင်း၏ အခြေအနေကို ဂရုစိုက်ပေးနေသည် - ၂း၂၅။

1. ကိုယ်တော်သည် ကျွန်ုပ်တို့စိတ်၏ ကောင်းကျိုးအတွက် ဂရုစိုက်ပေးခြင်းအားဖြင့်လည်းကောင်း၊ ကျွန်ုပ်တို့အတွင်းဖြစ်ခြင်း၏ အခြေအနေအပေါ် ကြည့်ရှုစောင့်ထိန်းမှုပြုပေးခြင်းအားဖြင့်လည်းကောင်း ကျွန်ုပ်တို့ကို ထိန်းကျောင်းနေသည်။

2. ကျွန်ုပ်တို့၏စိတ်သည် အလွန်ပင် ရှုပ်ထွေးလှသောကြောင့် ကျွန်ုပ်တို့သည် ခရစ်တော်ကို လိုအပ်သည်၊ ကိုယ်တော်သည် ကျွန်ုပ်တို့ဝိညာဉ်၌ အသက်ပေးသောဝိညာဉ်တော် ဖြစ်တော်မူပြီး၊ ကျွန်ုပ်တို့စိတ်၌ ကျွန်ုပ်တို့ကို ထိန်းကျောင်းခြင်း၊ ကျွန်ုပ်တို့၏ အသိဉာဏ်၊ ခံစားမှုနှင့် အလိုဆန္ဒကို ဂရုစိုက်ပေးခြင်း၊ ကျွန်ုပ်တို့၏ပြဿနာများ၊ လိုအပ်ချက်များနှင့် အနာများကို ဂရုစိုက်ပေးခြင်း ပြုနေသည်။

**IV. ဘုရားသခင်အတိုင်း ထိန်းကျောင်းရန်အလို့ငှာ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် တစ်လုံးတစ်ဝဖြစ်ရန်၊ ဘုရားသခင်နှင့် စေ့စပ်ထုံးဖွဲ့ရန်၊ ဘုရားသခင်ကို အသက်ရှင်ခြင်း၊ ဘုရားသခင်ကို ထင်ရှားခြင်း၊ ဘုရားသခင်ကို ကိုယ်စားပြုခြင်းနှင့် ဘုရားသခင်ကို အမှုဆောင်ခြင်း ရှိရန် လိုအပ်သည်။**

A. ဘုရားသခင်အတိုင်း ထိန်းကျောင်းခြင်းငှာ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် တစ်လုံးတစ်ဝဖြစ်ရန်နှင့် ကိုယ်တော်နှင့်စေ့စပ်ထုံးဖွဲ့ခံရန် လိုအပ်သည် - ယော၊၁၄း၂၀။ ၁ကော၊၆း၁၇။ ဧ၊၃း၁၇က။ ကော၊၃း၁၀-၁၁။

B. ဘုရားသခင်ကို အသက်ရှင်သောသူတို့သာလျှင် ဘုရားသခင်အတိုင်း ထိန်းကျောင်းနိုင်ကြသည် - ဖိ၊၁း၂၁က။

C. ဘုရားသခင်၏ ထာဝရအကြံအစည်တော်မှာ မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အသက်အဖြစ် ကျွန်ုပ်တို့အထဲသို့ လုပ်ဆောင်ရန်ဖြစ်ပြီး၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်ကို ထင်ရှားနိုင်စေရန်ဖြစ်သည် - က၊၁း၂၆။ ဧ၊၁း၁၁။ ၃း၁၁။ ၂တိ၊၁း၉။

D. ဘုရားသခင်အတိုင်း ထိန်းကျောင်းသောသူများအဖြစ် ကျွန်ုပ်တို့သည် ဘုရားသခင်ကို ကိုယ်စားပြုရန်နှင့် ပြုမှုလုပ်ဆောင်သောဘုရားအဖြစ် လုပ်ဆောင်ရန် လိုအပ်သည် - ၂ကော၊၁း၃-၄၊ ၁၂၊ ၁၅-၁၆။ ၂း၁၀။ ၁၀း၁၁။ ၁၁း၂။

E. ဘုရားသခင်အတိုင်း ထိန်းကျောင်းခြင်းသည် ဘုရားသခင်ကို အခြားသူများထံ အမှုဆောင်ခြင်း ဖြစ်သည်။

1. ကျွန်ုပ်တို့က ဘုရားသခင်ကို အခြားသူများထံ မည်မျှ အမှုဆောင်နိုင်ခြင်းမှာ အသက်လျှံထွက် စီးဆင်းခြင်းအတွက် ဘုရားသခင်အားဖြင့် ကျွန်ုပ်တို့မည်မျှ ကျိုးပဲ့ခံရခြင်းအပေါ် မူတည်နေပါသည် - ၄း၁၀-၁၂၊ ၁၆။ ဟေဗြဲ၊၄း၁၂။

2. ကျွန်ုပ်တို့သည် အချင်းချင်းထံ ဘုရားသခင်ကို အမှုဆောင်လိုလျှင် ကျွန်ုပ်တို့က ကျေးဇူးတော်၊ သမ္မာတရား၊ ဝိညာဉ်နှင့်အသက်၏ စကားများကို ပြောရန်၊ ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ ဆောင်သွင်းခံရပြီးသော အဆင့်ဆင့်ဖြတ်ကျော်သည့် ဘုရားသခင်ကို အမှုဆောင်ရန် လိုအပ်ပါသည် - ဧ၊၃း၁၆-၁၇က။ ၄း၂၅၊ ၂၉။ ယော၊၆း၆၃။

**V. ပေတရုက အသက်ကြီးသူများအား ဘုရားသခင်၏သိုးတော်စုကို ဘုရားသခင်အတိုင်း ထိန်းကျောင်းခြင်းပြုရန် တိုက်တွန်းခဲ့သည် - ၁ပေ၊၅း၂။**

A. *ဘုရားသခင်အတိုင်း* ဟူသည်မှာ ကျွန်ုပ်တို့သည် ဘုရားသခင်ကို အသက်ရှင်ရမည်ကို ဆိုလိုသည်။

B. ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်တစ်လုံးတစ်ဝဖြစ်သောအခါ၊ ကျွန်ုပ်တို့သည် ဘုရားဖြစ်လာ၍၊ အခြားသူများကို ကျွန်ုပ်တို့ထိန်းကျောင်းခြင်း၌ ကျွန်ုပ်တို့သည် ဘုရား ဖြစ်ကြသည်။

C. ဘုရားသခင်အတိုင်း ထိန်းကျောင်းခြင်းမှာ ဘုရားသခင်၏ သဘောသဘာဝ၊ အလိုဆန္ဒ၊ နည်းလမ်းနှင့် ဘုန်းတော်အတိုင်း ထိန်းကျောင်းခြင်းဖြစ်၍၊ ကျွန်ုပ်တို့ နှစ်သက်လိုလားမှု၊ စိတ်ဝင်စားမှု၊ ရည်ရွယ်ချက်နှင့် စိတ်နေသဘောထားအတိုင်း မဟုတ်ပါ။

D. ဘုရားသခင်အတိုင်း ထိန်းကျောင်းခြင်းမှာ ကိုယ်တော်၏ ဂုဏ်အင်္ဂါတော်များ၌ ဘုရားသခင်ဖြစ်တော်မူသည့်အရာအတိုင်း ထိန်းကျောင်းခြင်း ဖြစ်သည်။

E. ဘုရားသခင်အတိုင်း ထိန်းကျောင်းရန်အလို့ငှာ ကျွန်ုပ်တို့သည် အသက်၊ သဘောသဘာဝ၊ ထင်ရှားခြင်းနှင့် လုပ်ဆောင်ချက်၌ ဘုရားဖြစ်လာရန် လိုအပ်သည်။

1. ကျွန်ုပ်တို့သည် ဘုရားအသက်ဖြင့် ပြည့်လျှံကျလာသည့်တိုင် ဖြည့်ခြင်းခံရန်၊ သုံးပါးတစ်ပါးဘုရားကို စမ်းရေတွင်း၊ စမ်းရေပေါက်နှင့် မြစ်ရေအဖြစ် မွေ့လျော်ကာ၊ ဘုရားအသက်၏ စုစုပေါင်းဖြစ်လာသည့်တိုင်၊ ဘုရားဆိုင်ရာအသက်ကိုယ်တိုင်ဖြစ်လာသည့်တိုင် မွေ့လျော်ဝမ်းမြောက်ဖို့ လိုအပ်သည် - ယော၊၄း၁၄။ ကော၊၃း၄။

2. ကျွန်ုပ်တို့သည် ကိုယ်တော်၏ ချစ်ခြင်းမေတ္တာ၊ အလင်း၊ ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းခြင်း ဂုဏ်အင်္ဂါတော်များ၌ ဘုရားဖြစ်လာရန် လိုအပ်သည်။

3. ကျွန်ုပ်တို့သည် ခရစ်တော်၏ ပုံတူပွားဖြစ်ရန်၊ ဘုရားသခင်၏ ထင်ရှားခြင်းဖြစ်ရန် လိုအပ်သည်၊ သို့မှသာ ကျွန်ုပ်တို့၏ထိန်းကျောင်းခြင်း၌ ဘုရားသခင်ကို ထင်ရှားမည်ဖြစ်ပြီး၊ ပင်ကိုစိတ်သဘောနှင့် တစ်မူထူးခြားခြင်းများနှင့်အတူ အတ္တကို မထင်ရှားသင့်ပေ။

4. ကျွန်ုပ်တို့သည် ကိုယ်တော်ဖြစ်တော်မူသည့်အတိုင်းနှင့် ကိုယ်တော်၏ စီမံကိန်း၌ ကိုယ်တော်၏ ပန်းတိုင်အတိုင်း ဘုရားသခင်၏သိုးတော်စုကို ထိန်းကျောင်းခြင်း လုပ်ဆောင်ချက်၌ ဘုရားဖြစ်လာရန် လိုအပ်သည်။

**VI. ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်သော ထိန်းကျောင်းခြင်းမှာ အပြန်အလှန် ထိန်းကျောင်းခြင်း ဖြစ်သည် - ၁ကော၊ ၁၂း၂၃-၂၆။**

A. ကျွန်ုပ်တို့အားလုံးသည် ခရစ်တော်၏ အသက်ဆိုင်ရာ ထိန်းကျောင်းခြင်းအောက်တွင် ရှိကာ၊ အခြားသူများကို ထိန်းကျောင်းရန် ကိုယ်တော်နှင့် တစ်လုံးတစ်ဝဖြစ်ခြင်းရှိရန် လိုအပ်ပါသည် - ယော၊၂၁း၁၅-၁၇။

B. အသက်၌ကြီးထွားခြင်း မည်သို့ရှိနေပါစေ၊ ယုံကြည်သူအားလုံးသည် ထိန်းကျောင်းခြင်းကို လိုအပ်သည်။

C. ကျွန်ုပ်တို့အားလုံး၌ ချွတ်ယွင်းချက်များနှင့် အားနည်းချက်များရှိကြကာ၊ အခြားသူများက ကျွန်ုပ်တို့ကို ထိန်းကျောင်းပေးဖို့ လိုအပ်ပါသည်။

D. ကျွန်ုပ်တို့သည် သိုးများနှင့် သိုးထိန်းများ နှစ်ခုလုံးဖြစ်ကြပြီး၊ အပြန်အလှန် ထိန်းကျောင်းခြင်းနှင့် ထိန်းကျောင်းခံခြင်း လိုအပ်နေပါသည်။

**VII. ဤအပြန်အလှန်ထိန်းကျောင်းခြင်းမှတစ်ဆင့် ကိုယ်ခန္ဓာတော်သည် မေတ္တာ၌ မိမိကိုယ်ကို တည်ဆောက်ခြင်းရှိလေသည် - ဧ၊ ၄း၁၆။**

© 2026 Living Stream Ministry